MPRL E&P Pte Ltd.

မန်းရေနံမြေဒေသဖွံ့ဖြိုးရေး
CSR လုပ်ငန်းဆောင်ရွက်ချက်များ

# တိုးမြန်းမြေ သတင်းလွှာ

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ | အတွဲ - ၃၊ အမှတ် - ၃ | သုံးလတစ်ကြိမ်ထုတ်ဝေပါသည်။

## MPRL E&P ၏ လူမှုတာဝန်သိ CSR လုပ်ငန်းဆောင်ရွက်မှု ဆယ်နှစ်တာခရီးအောင်မြင်မှုအတွက် ကျေးဇူးတင်ဂုဏ်ပြုလွှာ

MPRL E&P ၏ လူမှုတာဝန်သိ CSR လုပ်ငန်းဆောင်ရွက်မှုဆယ်နှစ်တာ ကာလအတွင်း ဒေသခံ (၁၀,၀၀၀) ကျော် မှီတင်းနေထိုင်လျက်ရှိသည့် မန်းရေနံမြေတွင် ဒေသခံများ၏ အခြေခံလိုအပ်ချက်များဖြစ်သည့် ရေအရင်းအမြစ် တိုးတက်ရရှိရေး၊ ကျန်းမာရေး၊ ပညာရေး၊ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးတိုးတက်ရေး၊ လူငယ်များနှင့်အမျိုးသမီးများအတွက် အသိပညာနှင့်စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ လူမှုတာဝန်သိ CSR လုပ်ငန်းများကို အကောင်အထည်ဖော်ပံ့ပိုးနိုင်ခဲ့သည်။ အဆိုပါလုပ်ငန်းများကို MPRL E&P ၏ အမှုဆောင်စီမံခန့်ခွဲရေးအဖွဲ့၏ အမြော်အမြင်၊ ထိရောက်သည့်ပံ့ပိုးမှုနှင့် CSR လုပ်ငန်းအဖွဲ့ဝင်များ၏ အားထုတ်ကြိုးပမ်းဆောင်ရွက်မှုတို့ဖြင့် အကောင်အထည်ဖော်နိုင်ခဲ့ခြင်းဖြစ်သည်မှာ အထင်အရှားပင်ဖြစ်ပါသည်။ အလားတူ လူမှုတာဝန်သိလုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်ရာတွင် ဒေသတွင်းရှိ တာဝန်ရှိအစိုးရအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ရသည့် တစ်ဦးတစ်ယောက်ချင်းစီတိုင်း၏ ပါဝင်ပံ့ပိုးမှုဖြင့် အောင်မြင်ခဲ့ခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ MPRL E&P ၏ CSR လုပ်ငန်းဆောင်ရွက်မှု ဆယ်နှစ်တာခရီးတွင် ပူးပေါင်းပါဝင်ပံ့ပိုးခဲ့သူများနှင့် ဆက်လက်ဆောင်ရွက်မည့် CSR လုပ်ငန်းအစီအစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသူများကို ကျေးဇူးအထူးတင်ရှိကြောင်း မှတ်တမ်းတင်လိုပါသည်။ မိမိတို့ကုမ္ပဏီအနေဖြင့်လည်း မန်းရေနံမြေဒေသနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကုမ္ပဏီ၏ CSR လုပ်ငန်းဆိုင်ရာ ရည်မှန်းချက်များနှင့်အညီ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများ၊ လှူဒါန်းပံ့ပိုးမှုများဖြင့် စိတ်အားထက်သန်စွာ ဆက်လက်ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ထပ်လောင်းအတည်ပြုအပ်ပါသည်။ မိမိတို့ကုမ္ပဏီအနေဖြင့် ဒေသဆိုင်ရာဆောင်ရွက်ချက်များတွင် ဒေသခံများအား စွမ်းရည်မြှင့်တင်ခြင်း၊ မိတ်ဖက်ဆက်ဆံရေးတည်ဆောက်ထားရှိခြင်းနှင့် ခေါင်းဆောင်မှုဆိုင်ရာအရည်အသွေးကောင်းများ အသုံးပြုနိုင်ခြင်း၏ အရေးကြီးမှုကို သိရှိနားလည်ပြီး အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ■




## ၂၀၂၃–၂၀၂၄ ပညာသင်နှစ်အတွက် “သင်ယူဝေမျှ အတူတကွ” (Outdoor Classroom Day) အစီအစဉ်



ကျောင်းနေအရွယ်ကလေးငယ်များအတွက် ကာယဉာဏဖွံ့ဖြိုးတိုးတက်ရေးတွင် ကိုယ်လက်လှုပ်ရှားကစားခုန်စားခြင်းနှင့် အခြားအသိပညာမျှဝေမှုများကို ကျောင်းပြင်ပသင်ယူမှုအဖြစ် ပြုလုပ်ကျင်းပလေ့ရှိသည့် ကမ္ဘာလုံးဆိုင်ရာ လှုပ်ရှားမှုတစ်ခုဖြစ်သည့် **“သင်ယူဝေမျှ အတူတကွ”** (Outdoor Classroom Day) အစီအစဉ်ကို MPRL E&P (CSR အစီအစဉ်) ဖြင့် မန်းကျိုးကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်း၌ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၈) ရက်နေ့တွင် MPRL E&P CSR လုပ်ငန်းအဖွဲ့ဝင်များက ဦးစီး၍ ဒုတိယအကြိမ်အဖြစ် ပြုလုပ်ကျင်းပခဲ့သည်။

စာမျက်နှာ - ၁၀ ➤

# ဒေသခံတောင်သူများ နေကြာမျိုးစေ့ စနစ်တကျ ထုတ်လုပ်နိုင်ရန် MPRL E&P ပံ့ပိုး



မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံစိုက်ဧရိယာသည် စုစုပေါင်း သီးနှံစိုက်ဧရိယာ၏ ၁၆.၉ ရာခိုင်နှုန်းရှိပြီး နေကြာသီးနှံသည် မြန်မာနိုင်ငံ၏ အဓိကဆီထွက်သီးနှံများတွင် တစ်မျိုးအပါအဝင်ဖြစ်ရာ အခြား ဆီထွက်သီးနှံများနှင့် နှိုင်းယှဉ်ပါက စိုက်ပျိုးရလွယ်ကူပြီး စိုက်ပျိုးစရိတ်သက်သာသည့်အပြင် တစ်ယူနစ်ဧရိယာမှ ထွက်ရှိသည့် ဆီထွက်နှုန်း ပိုမိုရရှိသည့် သီးနှံဖြစ်သည်။ ထို့အပြင် စိုက်ပျိုးတောင်သူများ အကျိုးအမြတ်ရရှိနိုင်သည့် သီးနှံဖြစ်ပြီး ပြည်တွင်းစားသုံးဆီဖူလုံရေး၊ စိုက်ပျိုးတောင်သူများ ဝင်ငွေတိုးတက် ရရှိရေး၊ အစားအစာ ဘေးကင်းလုံခြုံရေးတို့ကို ရှေ့ရှု၍ နေကြာသီးနှံသည် လက်ရှိ စိုက်ပျိုးနေသည့် ဧရိယာထက် ပိုမိုတိုးချဲ့ စိုက်ပျိုးသင့်သည့် သီးနှံတစ်ခုလည်း ဖြစ်သည်။

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့ရှိ မန်းရေနံမြေတွင် မိရိုးဖလာစိုက်ပျိုးတောင်သူ (၉၀၀) ခန့်ရှိပြီး ယင်းတို့အနက် နေကြာစိုက်တောင်သူ (၃၀၀) ဦးခန့်ရှိသည်။ အဆိုပါတောင်သူများ အနေဖြင့် နေကြာသီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရန်နှင့် အထွက်နှုန်းတိုးတက်စေရန်၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်နိုင်စေရန် MPRL E&P (CSR အစီအစဉ်) ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးရေးဦးစီးဌာန၏ ထုတ်ပြန်ချက်များတွင် နေကြာအထွက်နှုန်းတိုးတက်စေရန် မျိုးအထွက်ကောင်းသည့် စပ်မျိုးနေကြာ၊ ရေဆင်းစပ်မျိုး-၁၊ နိုင်ငံတော် မျိုးစေ့ကော်မတီမှအတည်ပြုထားသည့် နိုင်ငံခြားစပ်မျိုးများနှင့် ဆင်းရွှေကြာ-၂ မျိုးများ အသုံးပြုနိုင်ကြောင်းနှင့် အရည်အသွေးကောင်းမွန်၍ အပင်ပေါက်နှုန်း ၈၀ (၈၀) အထက်ရှိသော မျိုးများကို အသုံးပြုစိုက်ပျိုးနိုင်ကြောင်း ဖော်ပြထားသည်။



"ကျွန်တော်တို့ MPRL E&P (CSR အစီအစဉ်) နဲ့ စိုက်ပျိုးရေးဦးစီးဌာန (မင်းဘူး) (Department of Agriculture – DoA) တို့ပူးပေါင်းပြီး နေကြာမျိုးစေ့ထုတ်နိုင်ဖို့ လွန်ခဲ့တဲ့ နှစ်နှစ်ကတည်းက စတင်ပြင်ဆင်ဆောင်ရွက်ခဲ့ပါတယ်။ ဒီနှစ် စိုက်ပျိုးရာသီမှာတော့ မန်းတောင်သူနှစ်ဦးရဲ့ နေကြာမျိုးစေ့ထုတ်လုပ်မယ့်အစီအစဉ်မှာ ကျွန်တော်တို့ MPRL E&P ရဲ့ မန်းကျိုးကျေးရွာ မျိုးစေ့ကော်မတီကတဆင့် စိုက်ပျိုးရေးသွင်းအားစု ကျပ် ၁,၅၀၀,၀၀၀/ ပံ့ပိုးထားပြီး ဒါက သီးနှံပေါ်ချိန်မှာ မျိုးစေ့ကော်မတီကို ပြန်လည်ပေးသွင်းရမှာပါ။ စိုက်ပျိုးရေးဦးစီးဌာန (မင်းဘူး) ကလည်း နည်းပညာပိုင်းအကူအညီအပြင် တောင်သူနှစ်ဦးရဲ့ တောင်းဆိုမှုကြောင့် စိုက်ကွက် (၁၀) ဧက အတွက်လိုအပ်တဲ့ မျိုးစေ့တွေကို အနီးပေးတဲ့စနစ် (မျိုးပြန်ပေးစနစ်) ကနေ ထောက်ပံ့ပေးခဲ့ပါတယ်။ ဒီနှစ်စိုက်ပျိုးမယ့် မျိုးစေ့က ရေဆင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနက ထုတ်လုပ်ထားတဲ့ ဆင်းရွှေကြာ-၂ မျိုးပါ။ ဒီစိုက်ကွက်တွေ ပုံမှန်ဖြစ်ထွန်းတိုးတက်ဖို့ MPRL E&P၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူနှစ်ဦးတို့က ဟန်ချက်ညီညီနဲ့ ဆက်ပြီးပူးပေါင်းဆောင်ရွက်ရမှာပါ။ မျိုးစေ့ထွက်တဲ့အခါမှာလည်း ပိုးမွှားနဲ့ မှိုကင်းစင်ပြီး စနစ်တကျထုပ်ပိုးနိုင်အောင် ကျွန်တော်တို့ပံ့ပိုးသွားမှာပါ။ တခြားစိတ်ဝင်စားတဲ့ မန်းတောင်သူတွေ လေ့လာနိုင်ဖို့လည်း "တောင်သူလေ့လာရေးအစီအစဉ်" တွေကို ဆက်ပြီးပံ့ပိုးသွားဖို့ရှိပါတယ်" ဟု မန်းရေနံမြေဒေသခံ တောင်သူများ၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် MPRL E&P (CSR အစီအစဉ်) ၏ Senior CSR Officer ဦးစောအယ်စာဘလုထူးက ရှင်းပြသည်။






တို့မန်းမြေ သတင်းလွှာ

တို့မန်းမြေ သတင်းလွှာသည် MPRL E&P Pte Ltd. ၏ မူပိုင်ဖြစ်ပါသည်။ မြန်မာဘာသာဖြင့် ထုတ်ဝေသည့် တို့မန်းမြေ သတင်းလွှာနှင့် သတင်းလွှာဆိုင်ရာ လိုဂိုအမှတ်အသား၊ သတင်းလွှာတွင်ရေးသားထားသည့် သတင်းနှင့် ဆောင်းပါးများကို တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း၊ တစ်ပုဒ်လုံးသော်လည်းကောင်း ကူးယူ၍ တဆင့်ပြန်လည်ထုတ်ဝေခြင်း ခွင့်မပြုပါ။

**စာတည်းမှူး**
ဝတ်မှုံတင်လတ်
withmone.t.latt@mprlexp.com

**စာတည်း**
မိုးသူဇာစိုး
moe.tz.soe@mprlexp.com

ပြည့်ပြည့်ဖြိုး
pyae.p.phyo@mprlexp.com

**ဒီဇိုင်း**
ထက်လင်း
htet.linn@mprlexp.com

**MPRL E&P Pte Ltd.**
**CSR & Communications Department**

Vantage Tower – အမှတ် (၆၂၃)၊
ပြည်လမ်း၊ ကမာရွတ်မြို့နယ်
ဖုန်း – ၀၁ ၂၃၀ ၇၇၃၃
ဖက်စ် – ၀၁ ၂၃၀ ၇၇၆၆
အီးမေးလ် – mprlstaff@mprlexp.com
ဝက်ဘ်ဆိုဒ် – www.mprlexp.com

လက်ရှိတွင် မန်းရေနံမြေရှိ နေကြာတောင်သူများအတွက် ဆင်းရွှေကြာ-၂ မျိုးစေ့များထုတ်လုပ်နိုင်ရေးကို MPRL E&P (CSR အစီအစဉ်) ဖြင့် ဆောင်ရွက်လျက်ရှိရာ မန်းကျိုးကျေးရွာနေ စိုက်ပျိုးရေးတာဝန်ခံ ဦးဝင်းကိုက "နေကြာက စိုက်ပျိုးရလွယ်ပြီး ကရိကထမများဘူး၊ မြေနဲ့ရေလည်း တခြားသီးနှံတွေလောက်မလိုဘူး။ စိုက်ပျိုးစရိတ်သက်သာတာရယ်၊ ပိုးမွှားနဲ့ရာသီဥတုဒဏ်လည်း တော်တန်ခံနိုင်တယ်။ တစ်ဧက ဆီထွက်နှုန်းကောင်းတဲ့အပြင် နေကြာဆီကိုလည်း လူတွေစားလာကြတော့ တောင်သူတွေလည်း တိုးစိုက်လာကြတယ်။ ဒါ့ကြောင့်လည်း သာမန်ဆီထွက်နေကြာထက် နေကြာမျိုးကောင်းမျိုးသန့်တွေ ပေါပေါများများနဲ့ လွယ်လင့်တကူရဖို့ နေကြာမျိုးစေ့ထုတ်လုပ်တဲ့ အစီအစဉ်ကို ကျွန်တော်တို့ လုပ်ဖြစ်လာတာပါ" ဟု ဆိုသည်။

နေကြာသီးနှံသည် သဘာဝဝတ်မှုန်ကူးမျိုးနှင့် စပ်မျိုးနေကြာဟူ၍ မျိုးအုပ်စုနှစ်မျိုးရှိသည်။ စပ်မျိုးနေကြာသည် အထွက်နှုန်းကောင်းသော်လည်း မြေကောင်းရေကောင်း၊ အခြေအနေကောင်းမှသာ အထွက်နှုန်းကောင်းကာ မျိုးအဖြစ်ပြန်လည်မထုတ်လုပ်နိုင်ပါ။ သဘာဝဝတ်မှုန်ကူးသည့်မျိုးတွင် မိဘမျိုးရင်းများကို ဝတ်မှုန်ကူးရာမှ ရရှိလာသည့်မျိုးဖြစ်သည့်အတွက် အကြမ်းခံပြီး ဒေသမရွေး စိုက်ပျိုးနိုင်သည့်အပြင် ဆင်းရွှေကြာ-၂ မျိုးသည် လေးနှစ်အထိ တောင်သူများ မျိုးပြန်ပြီးခံနိုင်ကြောင်းသိရသည်။





ဦးငွေး (ခ) ဦးထွန်းလှအောင် (နေကြာမျိုးစေ့ထုတ်တောင်သူ - မန်းကျိုးကျေးရွာ)

မျိုးစေ့ထုတ်တောင်သူ ဦးငွေး (ခ) ဦးထွန်းလှအောင်က "နေကြာအတွက် အဓိကက စိုက်ချိန်မှန်ဖို့၊ မြေကို စနစ်တကျပြုပြင်ပြီး သတ်မှတ်ထားတဲ့ စိုက်ပျိုးရေးသွင်းအားစုတွေ ထည့်ဖို့ လိုပါတယ်။ ကျွန်တော်တို့ ဆင်းရွှေကြာ-၂ ကို ဒီနှစ် အောက်တိုဘာလထဲမှာ (၈) ဧက လောက်နဲ့ နိုဝင်ဘာလ လဆန်းပိုင်းမှာ (၂) ဧကထပ်စိုက်ထားပါတယ်။ ဒီနှစ်က မိုးများပြီး ထယ်တစ်ခါထိုး၊ ထွန်စက်နဲ့ နှစ်ခါထိုးပြီးမှ လူနဲ့မျိုးလိုက်ကျဲရတာမျိုးတွေ လုပ်ခဲ့ရတော့ ကုန်ကျစရိတ်တော့ ရှိပါတယ်။ နေကြာက နောက် (၄၅) ရက်ဆို အပွင့်လိုက်ပြီး (၄) လကြာရင် ရိတ်သိမ်းရတဲ့ သီးနှံမို့ ငွေပေါ်မြန်တဲ့သီးနှံလို့လည်း ပြောလို့ရပါတယ်။ အပွင့်လိုက်တော့မယ့်အချိန်မှာ သဘာဝအလျောက် ပျားနဲ့ဝတ်မှုန်ကူးနိုင်အောင် ပျားပုံးတွေလည်း ချရမယ်။ ပျားသမားတွေနဲ့ ညှိပြီးရင် ပျားပုံး (၅၀) နဲ့ (၁၀၀) ကြားလောက်တော့ ချမယ်လို့ မှန်းထားပါတယ်။ ဒီဒေသမှာထွက်တဲ့ နေကြာအထွက်နှုန်းတွေ အရတော့ တစ်ဧကကို အခင်းမကောင်းရင် ဆယ်တင်း၊ အခင်းကောင်း ရင် တင်းနှစ်ဆယ်၊ အစိတ်လောက်တော့ ထွက်မယ်လို့ မှန်းထားပါတယ်" ဟု ရှင်းပြသည်။



နေကြာသီးနှံသည် စနစ်တကျစိုက်ပျိုးပြီး ရာသီဥတုကောင်းမွန်ပါက တစ်ဧကလျှင် (၂၅) တင်းမှ တင်း (၃၀) အထိ ထွက်ရှိနိုင်ပြီး ဆီထွက်နှင့်မျိုးနေကြာ တွဲစပ်စိုက်ပျိုးပါက ပုံမှန်ဝင်ငွေအပြင် စိုက်ပျိုးရာသီသစ်အတွက် မျိုးစေ့လုံလောက်မှုလည်း ရရှိစေနိုင်သည်။ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သည့် မျိုးစေ့များကို ထိန်းသိမ်းနိုင်ခြင်းကြောင့် မျိုးကောင်းမျိုးသန့်ဖြစ်ကာ အထွက်နှုန်းလည်းကောင်းမွန်စေသည့်အပြင် လေးနှစ်ဆက်တိုက် မျိုးခံနိုင်သည့်အားသာချက်ကြောင့် နှစ်စဉ် မျိုးကောင်းမျိုးသန့်ရရှိနိုင်မည်ဖြစ်၍ အကျိုးများသည့် ထုတ်လုပ်မှုလည်းဖြစ်သည်။ ■



# ငယ်ရွယ်စဉ်မှာ သင်ယူပါ

## အင်္ဂလိပ်ဘာသာစကားသင်ယူခြင်း၏ တစ်သက်တာ အကျိုးကျေးဇူးများ




နည်းပညာနှင့်ဘာသာစကားဖြင့် ကူးလူးဆက်သွယ်သင်ယူနေကြသည့် ယနေ့ခေတ်တွင် ကမ္ဘာသုံးဘာသာစကားတစ်ခုဖြစ်သည့် အင်္ဂလိပ်စာကို ကျွမ်းကျင်ပိုင်နိုင်စွာ ပြောဆိုရေးသားနိုင်ခြင်းသည် တန်ဖိုးရှိသည့် အရင်းအမြစ်တစ်ခုဖြစ်သည်။ မိဘ၊ ဆရာများအနေဖြင့် ဘာသာစကားနှင့်နည်းပညာကို ကလေးအရွယ်မှ စတင်၍ ထိတွေ့သင်ကြားနိုင်စေရန် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးခြင်းသည် လူငယ်များ၏ အနာဂတ်အတွက် ပိုမိုသေချာသည့် ပညာရေးနှင့် အလုပ်အကိုင်ရရှိရေး ရည်မှန်းချက်အတွက် အဓိကကျသည့် အားထုတ်ကြိုးပမ်းမှုလည်း ဖြစ်သည်။

### မှတ်သားနိုင်မှုအားကောင်းခြင်း

ကလေးငယ်များ၏ ဦးနှောက်သည် မှတ်သားနိုင်သည့်စွမ်းရည်ဖွံ့ဖြိုးမှုကြောင့် သတင်းအချက်အလက်နှင့် ဘာသာစကားအသစ်များကို အထူးလက်ခံနိုင်သည်။ ထို့အပြင် သင်ယူခြင်းဖြင့် ကျွမ်းကျင်မှု၊ ဖန်တီးမှုနှင့် စဉ်းစားတွေးခေါ်နိုင်မှုတို့ကိုလည်း တိုးမြှင့်ပေးနိုင်သည်။

### ပညာရေးအထောက်အကူဖြစ်ခြင်း

အင်္ဂလိပ်စာကို ငယ်စဉ်ကတည်းက လေ့လာတတ်သည့် ကလေးများသည် ပညာရေးတွင် ထူးချွန်လေ့ရှိပြီး အင်္ဂလိပ်စာတတ်ကျွမ်းမှုကြောင့် ယင်းဘာသာစကားဖြင့် ရေးသားထားသည့် စာအုပ်၊ စာစောင်များ၊ ဝက်ဘ်ဆိုဒ်များ၊ နိုင်ငံတကာသင်ကြားရေးအစီအစဉ်များစသည့် ပညာရေးဆိုင်ရာ အရင်းအမြစ်မျိုးစုံကို လက်လှမ်းမီစွာ လေ့လာနိုင်ပါသည်။ ယင်းအချက်သည်ပင် ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားပြီး အများထက် အားသာချက်တစ်ခုပင်ဖြစ်သည်။



### ပိုမိုဆက်သွယ်ပြောဆိုနိုင်ခြင်း

ငယ်ရွယ်စဉ်ကတည်းက ဘာသာစကားလေ့လာသင်ယူကြသည့် လူငယ်များအနေဖြင့် သွက်လက်စွာ ပြောဆိုဆက်သွယ်နိုင်ခြင်းကြောင့် ဆက်သွယ်ပြောဆိုခြင်းဆိုင်ရာ အားသာချက်တစ်ခုကိုရရှိထားပြီး နောက်ခံအသိုင်းအဝိုင်းနှင့် ယဉ်ကျေးမှုမတူသည့် အသိုက်အဝန်းမှ လူအများနှင့်ပါ ချိတ်ဆက်ပြောဆို ဆက်သွယ်နိုင်စွမ်း ရှိလာမည်ဖြစ်သည်။

### ယဉ်ကျေးမှုဆိုင်ရာ သိရှိနားလည်ခြင်း

အင်္ဂလိပ်စာကို စောလျှင်စွာသင်ယူခြင်းသည် အင်္ဂလိပ်စကားပြော ယဉ်ကျေးမှုကို စူးစမ်းခြင်းတစ်မျိုးဖြစ်ပြီး ယဉ်ကျေးမှုဆိုင်ရာ ထိတွေ့မှုများမှစတင်၍ စာနာမှု၊ နားလည်မှု၊ ပိုမိုကျယ်ပြန့်သည့် လောကအမြင်ကို ပျိုးထောင်ပေးရာလည်း ရောက်ပါသည်။ လူငယ်များအနေဖြင့် မတူကွဲပြားမှုများကို တန်ဖိုးထားပြီး ကမ္ဘာ့ရေးရာကိစ္စရပ်များတွင် အမြင်ကျယ်စွာ ရှုမြင်သဘောပေါက်နိုင်ပြီး တစ်ဦးချင်း စွမ်းရည်များ တိုးတက်ဖြစ်ထွန်းစေနိုင်မည်ဖြစ်သည်။

### အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်များပြားခြင်း

အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုသည် အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိစေခြင်း၏ အဓိကအကြောင်းရင်းတစ်ခုဖြစ်သည်။ နိုင်ငံတကာကုမ္ပဏီများအတွက် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်သူနှင့် ဘာသာစကားစုံ ပြောဆိုနိုင်သည့် အသက်မွေးဝမ်းကျောင်းပညာရှင်များ လိုအပ်ပြီး အင်္ဂလိပ်စာကို စောလျှင်စွာလေ့လာခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများကို သိသာစွာတိုးတက်စေနိုင်ပါသည်။

### ယုံကြည်စိတ်တိုးပွားစေခြင်း

ဘာသာစကားကျွမ်းကျင်မှုရှိသည့် လူငယ်များအနေဖြင့် မိမိကိုယ်မိမိ ယုံကြည်စိတ်တိုးပွားစေပြီး ယင်းဘာသာစကားပြောဆိုသည့် ပတ်ဝန်းကျင်တွင် ပါဝင်ရသည်ကို ပိုမိုသက်တောင့်သက်သာ ဖြစ်စေနိုင်ပါသည်။ ယင်းအချက်ကပင် ယုံကြည်မှုပျိုးထောင်ရာတွင် အခြေခံကျသည့် အချက်လည်း ဖြစ်သည်။

### တစ်သက်တာ သင်ယူနိုင်ခြင်း

အင်္ဂလိပ်ဘာသာစကားကို ငယ်စဉ်ကတည်းက သင်ယူတတ်မြောက်ခဲ့ပါက ယင်းဘာသာစကားကျွမ်းကျင်မှုကို တစ်သက်တာ ထိန်းထားနိုင်ခြေ ပိုမိုမြင့်မားလေ့ရှိကြသည်။ တစ်သက်တာ သင်ယူခြင်းကပင် တစ်ကိုယ်ရေဖွံ့ဖြိုးရေးနှင့် အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးကို အလိုအလျောက်ဖြစ်ထွန်းတိုးတက်လာစေခြင်းလည်း ဖြစ်သည်။

### MPRL E&P ၏ အွန်လိုင်းအင်္ဂလိပ်စာပို့ချမှုအစီအစဉ်

မန်းရေနံမြေဒေသခံလူငယ်များအတွက် MPRL E&P ကုမ္ပဏီ၏ စွမ်းရည်မြှင့်အစီအစဉ်တစ်ရပ်အနေဖြင့် iGroup (Asia Pacific) Limited ၏ mangoSTEEMS Myanmar နှင့် ချိတ်ဆက်၍ အေးမြနှင့်နန်းဦး ကျေးရွာလူထုအခြေပြုဗဟိုဌာန (Community Center) တို့တွင် အွန်လိုင်းအင်္ဂလိပ်စာသင်ကြားမှုအစီအစဉ်ကို ပညာရေးအထောက်အကူပြုနည်းပြ (၃) ဦး၏ ပံ့ပိုးမှုနှင့်အတူ မန်းရေနံမြေဒေသခံလူငယ်ကျောင်းသား၊ ကျောင်းသူ (၂၇) ဦး တက်ရောက်လေ့လာသင်ယူလျက်ရှိသည်။

သို့ဖြစ်၍ အနာဂတ်အတွက် မှန်ကန်သည့်ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်သည့်အတွက် အင်္ဂလိပ်ဘာသာစကားကို ငယ်ရွယ်စဉ် ကလေးဘဝကတည်းက လေ့လာသင်ယူခြင်း၊ သင်ယူနိုင်မည့် ပတ်ဝန်းကျင်ကောင်းသို့ ဝင်ဆန့်နိုင်စေရန် ကျောင်းသားလူငယ်များအနေဖြင့် အလေးထားကြိုးပမ်းသင့်ကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။ ■

# MPRL E&P ၏ လူမှုတာဝန်သိ CSR လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာဆယ်နှစ်ပြည့်အစီရင်ခံစာထုတ်ဝေ




MPRL E&P ၏ လူမှုတာဝန်သိ CSR လုပ်ငန်းဆောင်ရွက်မှု ဆယ်နှစ်တာကာလအတွင်း မန်းရေနံမြေဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေး၊ ရေအရင်းအမြစ်တိုးတက်ရရှိရေး၊ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးတိုးတက်ရေး၊ လူငယ်များနှင့်အမျိုးသမီးများအတွက် အသိပညာနှင့်စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ လူမှုတာဝန်သိ CSR လုပ်ငန်းများကို အကောင်အထည်ဖော်ပံ့ပိုးနိုင်ခဲ့သည်။




အဆို ပါ CSR လုပ်ငန်းများကို မန်းရေနံမြေတွင် အကောင်အထည်ဖော်ဆောင်ရွက်မှု ဆယ်နှစ်တာကာလအတွင်း နှစ်အလိုက် လုပ်ငန်းအဆင့်ဆင့် တိုးတက်မြှင့်တင်ဆောင်ရွက်ပုံနှင့် အောင်မြင်မှုများကို ဖော်ပြထားသည့် CSR လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ဆယ်နှစ်ပြည့်အစီရင်ခံစာကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလအတွင်း MPRL E&P ၏ CSR & Communications Department က ထုတ်ဝေခဲ့သည်။ အဆိုပါ အစီရင်ခံစာတွင် မန်းရေနံမြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆောင်ရွက်သူများနှင့် ဒေသခံများ၏ ပါဝင်ဆောင်ရွက်မှုအလိုက် ရရှိသည့် အောင်မြင်မှုများကိုပါ မေးမြန်းရေးသား တင်ဆက်ထားသည်။ အဆိုပါ အစီရင်ခံစာကို MPRL E&P ကုမ္ပဏီ၏ ဝက်ဘ်ဆိုဒ်စာမျက်နှာ https://mprlexp.com/ newsroom/reporting-centre တွင် အများသူငှာ ဖတ်ရှုနိုင်ရန် တင်ပြထားပြီးဖြစ်သည်။ ■

## MPRL E&P ၏ မန်းရေနံမြေ ဒေသခံများအတွက် CSR လုပ်ငန်းဆောင်ရွက်မှု ဆယ်နှစ်တာကာလအတွင်း ထိရောက်သည့် ပံ့ပိုးမှုများ

### လူမှုတာဝန်သိ CSR လုပ်ငန်းများနှင့် ကုမ္ပဏီ၏ လှူဒါန်းပံ့ပိုးမှုများ

၄.၆၀ သန်း
အမေရိကန်ဒေါ်လာသန်းပေါင်း

၂၄,၁၆၃.၂၈ သန်း
ကျပ်သန်းပေါင်း

လူမှုတာဝန်သိ CSR လုပ်ငန်းဆောင်ရွက်မှုများအတွက် ပံ့ပိုးမှုစုစုပေါင်း ၂.၄၅ သန်း အမေရိကန်ဒေါ်လာသန်းပေါင်း

### ဒေသခံများအတွက် စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းပံ့ပိုးမှုများ

၅၅,၈၈၇ အမေရိကန်ဒေါ်လာ

၁၄ ဦး
စေတနာ့ဝန်ထမ်း

၇၀ ဦး
ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ

၂ ခု ကျေးရွာစာကြည့်တိုက်များကို လူထုအခြေပြု ဗဟိုဌာနအဖြစ် အဆင့်မြှင့်တင်မှု

### ဒေသတွင်းအခြေခံအဆောက်အဦ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပံ့ပိုးမှုများ

၂၇ ခု
အသစ်တည်ဆောက်မှုနှင့် ပြန်လည်ပြုပြင်သည့် ကျေးရွာအခြေခံဆောက်အဦ

၅၀ ခု
အသစ်တည်ဆောက်မှုနှင့် ပြန်လည်ပြုပြင်သည့် ကျောင်းအဆောက်အဦ

၁၉ ခု ရေနှင့်သန့်ရှင်းရေးနှင့် ရေအရင်းအမြစ်တိုးတက်ရရှိရေးဆိုင်ရာ အခြေခံအဆောက်အဦ

### သက်မွေးပညာနှင့်အသက်မွေးဝမ်းကျောင်း အထောက်အကူပြုလုပ်ငန်းများအတွက် ပံ့ပိုးမှု

၄၃၀+ ဦး
သက်မွေးပညာ သင်တန်းသား

၁၀+ ခု
လက်ရှိတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အစိုးရနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများ

### ဒေသခံများအတွက် အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်

၂၁,၇၅၂+
အထွေထွေကျန်းမာရေး စောင့်ရှောက်မှုကို ရရှိသည့် အရေအတွက်

၂,၁၃၀+
မျက်စိကျန်းမာရေး စောင့်ရှောက်မှု ရရှိသည့် အရေအတွက်

### အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဖြင့် အကြံပြုတင်ပြမှုများ

၁၇၄ ခု

၉၈ ရာခိုင်နှုန်း
အကြံပြုတင်ပြမှုဖြင့် ဖြေရှင်းဆောင်ရွက်ခဲ့မှုအပေါ် ဒေသခံများကျေနပ်မှု

### ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု

၂၇ ဦး
ပညာသင်ဆုပေးအပ်ခဲ့သည့်အရေအတွက်

၅ ခု
ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု

### စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စိုက်ပျိုးတောင်သူများအတွက် ပံ့ပိုးမှုများ

၁၂ ခု
စိုက်ပျိုးရေးဆိုင်ရာ သင်တန်းစုစုပေါင်း

၂၉၁ ဦး
မျိုးစေ့ဘဏ်အစီအစဉ်ဖြင့် မျိုးစေ့ရရှိသည့် တောင်သူစုစုပေါင်း

၇ ခု မျိုးစေ့ဘဏ်စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းနိုင်မှု

### လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများနှင့် ထိတွေ့ဆက်ဆံဆောင်ရွက်မှု

၁၉၃ အုပ်
သတ်မှတ်ကာလအလိုက် ထုတ်ဝေခဲ့သည့် အစီရင်ခံစာ စုစုပေါင်း

၄၆ စောင်
သုံးလပတ် သတင်းလွှာ ထုတ်ဝေမှု

၄၁ ကြိမ်
သုံးလတစ်ကြိမ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီများနှင့် တွေ့ဆုံဆွေးနွေးမှုပေါင်း

၁၀ ကြိမ်
ဒေသခံများ၏ လိုအပ်ချက်နှင့် လိုလားချက်များကို နှစ်အလိုက် ဆန်းစစ်ဖော်ထုတ်မှု အကြိမ်ရေ



# မန်းရေနံမြေဒေသ ကျေးရွာအခြေခံအဆောက်အဦဖွံ့ဖြိုးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများအတွက် ဒေသခံများ၏ လိုအပ်ချက်များကို အကဲဖြတ်ဆန်းစစ်ခြင်း

မန်းရေနံမြေဒေသတွင် MPRL E&P ကုမ္ပဏီအနေဖြင့် သတ်မှတ်ထားသည့် မန်းရေနံမြေထိစပ်ကျေးရွာ (၁၄) ရွာတွင် စုစုပေါင်း ဒေသခံ (၁၀,၀၀၀) ကျော်နေထိုင်လျက်ရှိသည်။ ရေနံတူးဖော်ရေးလုပ်ငန်းများတည်ရှိရာဒေသတွင် လုပ်ငန်းလုပ်ကိုင်လျက်ရှိသည့် ကုမ္ပဏီအနေဖြင့် ဒေသခံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်ရာတွင် ဒေသခံများ၏လိုအပ်ချက်များကို ဦးစွာဆန်းစစ်ဖော်ထုတ်ပြီးမှသာ ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် ဒေသခံများအနေဖြင့်လည်း ရပ်ရွာအခြေခံအဆောက်အဦနှင့် စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းလိုအပ်ချက်များကို သေချာစွာသတ်မှတ်ဖော်ထုတ်ပြီး အဆိုပြုတင်ပြရန် လိုအပ်ပါသည်။

## ဒေသခံများ၏ လိုအပ်ချက်ဆန်းစစ်ခြင်း၏ အခြေခံအကြောင်းရင်း

မန်းရေနံမြေတွင် ရေနံတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် MPRL E&P သည် မန်းရေနံမြေဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံများ၏





စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများကို CSR လုပ်ငန်းဆိုင်ရာ မဟာဗျူဟာချမှတ်ဆောင်ရွက်ခဲ့သည်မှာ ဆယ်စုနှစ်ကာလတစ်ခုသို့ အောင်မြင်စွာ ကျော်ဖြတ်လျှောက်လှမ်းခဲ့ပြီးဖြစ်သည်။ မန်းရေနံမြေဒေသခံများအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဒေသခံများ၏ အဆိုပြုတင်ပြမှုများ၊ ကုမ္ပဏီအနေဖြင့် ပံ့ပိုးပေးနိုင်မှုအခြေအနေနှင့် ဒေသခံများကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မှုအခြေအနေတို့ကို လေ့လာသုံးသပ်ပြီးမှသာ သတ်မှတ်ဘဏ္ဍာရေးနှစ်အလိုက် CSR လုပ်ငန်းဆိုင်ရာရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ကုမ္ပဏီအနေဖြင့် ဆောင်ရွက်မည့် CSR လုပ်ငန်းများ၏ ဒေသခံများ၏လိုအပ်ချက်ကိုဖြည့်ဆည်းနိုင်သည့် လုပ်ငန်းများဖြစ်စေရန်၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကုမ္ပဏီ၏ဆုံးဖြတ်ချက်များကို ဒေသခံများ၏ လိုအပ်ချက်များအပေါ်တွင် အခြေပြုစဉ်းစားဆုံးဖြတ်မှုဖြစ်စေရန်နှင့် ဒေသခံများကိုယ်တိုင် ၎င်းတို့၏ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ပြောဆိုဆုံးဖြတ်ခွင့် ရရှိစေရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။

## လိုအပ်ချက်အကဲဖြတ်ခြင်း

လိုအပ်ချက်အကဲဖြတ်ဆန်းစစ်ခြင်းဆိုသည်မှာ လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများ (သို့မဟုတ်) မန်းရေနံမြေဒေသခံများ၏ အသိပညာ၊ စွမ်းရည်၊ စိတ်ပါဝင်စားမှု သို့မဟုတ် သဘောထားအခြေအနေကို လေ့လာနိုင်ရန် စနစ်တကျချဉ်းကပ်မှုတစ်ခုဖြစ်သည်။ ဒေသဆိုင်ရာ အခြေခံအဆောက်အဦများနှင့် လူငယ်လူရွယ်များအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများကို လေ့လာ၍ ထိရောက်သောဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကို ရေးဆွဲနိုင်ရန် လိုအပ်ချက်အကဲဖြတ်ဆန်းစစ်မှုများကို ပြုလုပ်ကြခြင်းဖြစ်သည်။

## အဆိုပြုလိုအပ်ချက်များကို လေ့လာသုံးသပ်ခြင်း

MPRL E&P သည် မန်းရေနံမြေဒေသခံများ၏ ကျေးရွာအလိုက်အဆိုပြုတင်ပြလာသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကုမ္ပဏီ၏ CSR လုပ်ငန်းအဖွဲ့ဝင်များနှင့် မန်းရေနံမြေစီမံခန့်ခွဲရေးအဖွဲ့မှ Special Project Team မှ ဝန်ထမ်းများနှင့်အတူ ထပ်မံဆန်းစစ် လေ့လာမှုများ ဆောင်ရွက်ရသည်။ ယင်းသို့ လေ့လာရာတွင် အဆိုပြုလုပ်ငန်းအမျိုးအစား၊





ခန့်မှန်းကုန်ကျစရိတ်၊ ကြာမြင့်ချိန်၊ ဒေသတွင်းရရှိနိုင်သည့် အရင်းအမြစ်များကို အသုံးပြုနိုင်ခြင်း ရှိ၊ မရှိစသည့် အခြေအနေများကို အကဲဖြတ်ဆန်းစစ်ရသည်။ ယင်းသို့ အကဲဖြတ်ရာတွင်ရပ်ရွာအရင်းအမြစ်များကို သုတေသနပြုခြင်း၊ ထိတွေ့ဆက်ဆံပြောဆိုဆွေးနွေးခြင်း၊ ကျေးရွာများ၏ လိုအပ်ချက်များနှင့်လိုလားချက်များကို ခွဲခြမ်းစိတ်ဖြာ၍ ဆောင်ရွက်သင့်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ရေရှည်တည်တံ့နိုင်မည့်နည်းလမ်းများကို ချဉ်းကပ်ဆွေးနွေးအကြံပြုခြင်းတို့ကို ကုမ္ပဏီ၏ CSR လုပ်ငန်းအဖွဲ့ဝင်များက ပံ့ပိုးဆောင်ရွက်လျက်ရှိသည်။

## အပြန်အလှန်လေးစားမှုနှင့် ကိုယ်ပိုင်ပစ္စည်းကဲ့သို့ မှတ်ယူထိန်းသိမ်းတတ်စေရန် ပျိုးထောင်ခြင်း

MPRL E&P ကုမ္ပဏီအနေဖြင့် မန်းရေနံမြေတွင် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာတွင် ဒေသခံများအား အိမ်နီးချင်းမိသားစုများအဖြစ် မှတ်ယူပြီး ဒေသခံများ၏ စကားသံများကို နားထောင်ခြင်းဖြင့် အပြန်အလှန်လေးစားမှုနှင့် နားလည်မှုတည်ဆောက်ကာ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကုမ္ပဏီအနေဖြင့် မတည်ပံ့ပိုးထားသည့် လုပ်ငန်းများအပြင် ဒေသခံများကိုယ်တိုင် ပူးပေါင်းပါဝင်ပံ့ပိုးစေခြင်းဖြင့် အခြေခံအဆောက်အဦ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ကုမ္ပဏီ၏ မတည်မှုအပေါ်တွင် ဒေသခံများ၏ ငွေအား (သို့မဟုတ်) လုပ်အားဖြင့် ပူးပေါင်းပါဝင်ခြင်းဖြင့် ကိုယ်ပိုင်ပစ္စည်းကဲ့သို့ မှတ်ယူထိန်းသိမ်းတတ်စေရန် (Sense of Ownership) ပျိုးထောင်ပေးကာ ရေရှည်တည်တံ့စေမည့် အစီအစဉ်များဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။











## ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ဒေသခံများ၏ လိုအပ်ချက်များကို ဆန်းစစ်ဖော်ထုတ်ခြင်း

MPRL E&P (CSR အစီအစဉ်) အနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်နိုင်မည့် CSR လုပ်ငန်းများကို သတ်မှတ်ဖော်ထုတ်နိုင်ရန် မန်းရေနံမြေထိစပ်ကျေးရွာ (၁၄) ရွာရှိဒေသခံများနှင့် ရေနံမြေ CSR လုပ်ငန်းအဖွဲ့ဝင်များက အကြိုတွေ့ဆုံစစ်တမ်းကောက်ယူခဲ့ပြီး ကျေးရွာအခြေခံအဆောက်အဦ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဒေသခံများ၏ လိုအပ်ချက်များကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှ စတင်၍ ဆန်းစစ်လေ့လာခဲ့သည်။ အဆိုပါ လေ့လာမှုအရ ဒေသခံများအဆိုပြုသည့် ကျေးရွာအခြေခံ အဆောက်အဦ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မိမိဒေသနှင့်လူငယ်လူရွယ်များအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်များအတွက် လက်ရှိအခြေအနေနှင့် ဆောင်ရွက်နိုင်မည့် လုပ်ငန်းများကို သတ်မှတ်အတည်ပြုနိုင်ရန် CSR လုပ်ငန်းအဖွဲ့ဝင်များက ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလဆန်းပိုင်းတွင် ထပ်မံဆန်းစစ်၍ သက်ဆိုင်ရာဒေသခံများနှင့် သွားရောက်တွေ့ဆုံဆွေးနွေးခဲ့သည်။ ထို့အပြင် ဒေသခံများအဆိုပြုထားသည့် ကျေးရွာအခြေခံအဆောက်အဦ ဖွံ့ဖြိုးရေးလုပ်ငန်းများကို MPRL E&P ၏ CSR လုပ်ငန်းအဖွဲ့ဝင်များနှင့် တည်ဆောက်မှုပိုင်းဆိုင်ရာအကဲဖြတ်သုံးသပ်မှုများပံ့ပိုးလျက်ရှိသည့် MPRL E&P ၏ မန်းရေနံမြေ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့မှ Special Project Team အဖွဲ့ဝင်များက လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို အကဲဖြတ်ဆန်းစစ်လျက်ရှိသည်။ အဆိုပါ ဆန်းစစ်မှုရလဒ်များကို အတည်ပြုပြီးပါက မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ဒေသအတွင်းရှိ သက်ဆိုင်ရာလုပ်ငန်းဆက်စပ်လုပ်ကိုင်သူအဖွဲ့အစည်းများသို့ အကြောင်းကြားတင်ပြပြီး လုပ်ငန်းများကို သတ်မှတ်ကာလအလိုက် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။ ■



# မန်းရေနံမြေ ဒေသခံများနှင့် CSR လုပ်ငန်းအဖွဲ့ဝင်များ ပူးပေါင်း၍ ဆောင်ရွက်ပြီးစီးသည့် CSR လုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ဆွေးနွေး



MPRL E&P သည် မန်းရေနံမြေတွင် CSR အစီအစဉ်ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ပထမ ခြောက်လပတ်အတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာလုပ်ငန်းဆက်စပ် လုပ်ကိုင်သူများ၊ မန်းရေနံမြေဒေသခံများနှင့် တွေ့ဆုံ၍ CSR လုပ်ငန်းများဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းအစည်း အဝေးကို မန်းရေနံမြေရှိ အောက်ကျောင်းကျေးရွာ၊ ဘုန်း တော်ကြီးကျောင်းတွင် စက်တင်ဘာလ (၂၀) ရက်နေ့တွင် ပြုလုပ်ခဲ့သည်။

အဆိုပါအစည်းအဝေးကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ပထမ ခြောက်လပတ်အတွင်း MPRL E&P (CSR အစီအစဉ်) ဖြင့် ဆောင်ရွက်ခဲ့သည့် CSR လုပ်ငန်းဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်နိုင်ရန်၊ CSR လုပ်ငန်းများဆောင်ရွက် မှုများတွင် အကောင်းဆုံးပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မှု၊ လိုအပ်ချက်နှင့် အခက်အခဲများကို ခွဲခြားသတ်မှတ်၍ ဆုံး ဖြတ်ချက်များကို ပြန်လည်သုံးသပ်နိုင်ရန်၊ ဆက်လက်ဆောင် ရွက်မည့် CSR လုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်ရန် နှင့် ဆောင်ရွက်ရမည့်နည်းလမ်းများကို ဆွေးနွေးသုံးသပ် ရန် ရည်ရွယ်ပြုလုပ်ခဲ့သည်။ အဆိုပါအစီအစဉ်သို့ MPRL E&P ၏ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာဌာန (HSE Department) မှ တာဝန်ရှိ သူများလည်း ပူးပေါင်းပါဝင်ခဲ့ပြီး ရပ်ရွာအတွင်း HSE လုပ်ငန်း ဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ လေ ထု၊ မြေထုနှင့် ရေထုသန့်ရှင်းမှုအတွင်းတိုင်းတာပြီး ဖြေရှင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများကို ရှင်း လင်းတင်ပြခဲ့သည်။

ပြန်လည်သုံးသပ်ခြင်းအစည်းအဝေးတွင် CSR လုပ်ငန်း အမျိုးအစားများကို သက်ဆိုင်ရာကဏ္ဍအလိုက် ခေါင်းစဉ် (၅) ခု သတ်မှတ်ကာ တက်ရောက်လာသည့် ဒေသခံအစုအဖွဲ့ (၅) စုတို့က အားသာချက်၊ အားနည်းချက် ဖော်ထုတ်ခြင်း၊ ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို အပြန်အလှန်ဆွေးနွေးခဲ့သည်။ အဖွဲ့ (၁) တွင် အေးမြ၊ နန်းဦး နှင့် ရွာသာကျေးရွာတို့ပါဝင်ပြီး ပညာရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုနှင့် ကျေးရွာလူထုအခြေပြု ဗဟိုဌာနတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ အဖွဲ့ (၂) တွင် မန်းကျိုး၊ မယ်ဘော့ ကုန်းနှင့် လက်ပံတောကျေးရွာနေဒေသခံများက စိုက်ပျိုး ရေးနှင့်မွေးမြူရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ နှင့်စပ်လျဉ်း၍ လည်းကောင်း၊ အဖွဲ့ (၃) တွင် မကြီးချောင်း နှင့်ပေါက်ကုန်းကျေးရွာတို့က ကျေးရွာအခြေခံအဆောက် အဦ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အကြံပြုဆွေးနွေးခြင်းလုပ် ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ အဖွဲ့ (၄) တွင် ချင် တောင်၊ ကွဲချနှင့် ကြာကန်ကျေးရွာနေ ဒေသခံများက စွန့်ပစ်အမှိုက်စီမံခန့်ခွဲရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အဖွဲ့ (၅) တွင် လေးအိမ်တန်း၊ အောက် ကျောင်းနှင့် လက်ပံတပင်ကျေးရွာတို့က ရွှေ့လျားဆေးပေး ခန်းနှင့် မျက်စိကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်များနှင့် စပ်လျဉ်း၍ လည်းကောင်း အသီးသီးပါဝင်ဆွေးနွေးကြ သည်။ ဆွေးနွေးတင်ပြမှုများကို CSR လုပ်ငန်းအဖွဲ့ဝင်များ က မှတ်တမ်းပြုစုထားပြီး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ ပြန်လည်သုံးသပ်ဆွေးနွေးသည့် အစီအစဉ်သို့ MPRL E&P ၏ CSR လုပ်ငန်းအဖွဲ့ဝင်များနှင့် မန်းရေနံမြေဒေသခံ အမျိုးသား (၅၄) ဦးနှင့် အမျိုးသမီး (၁၂) ဦးတို့အပါအဝင် စုစုပေါင်း (၆၇) ဦးတက်ရောက်ခဲ့သည်။ ■









*၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ပထမခြောက်လပတ်အတွင်းဆောင်ရွက်ခဲ့သည့် CSR လုပ်ငန်းများကို မန်းရေနံမြေဒေသခံများအား ရှင်းလင်းတင်ပြခြင်းနှင့် ပြန်လည်သုံးသပ်ဆွေးနွေးခြင်း*

# မန်းရေနံမြေဒေသ၏ စိုက်ပျိုးရာသီသစ်တွင်သီးနှံစိုက်ပျိုးထုတ်လုပ်မှုများ

## မျိုးစေ့ဘဏ်အစီအစဉ်သို့ မျိုးစေ့များ ထပ်မံပံ့ပိုးခြင်း

အရည်အသွေးကောင်းမျိုးစေ့များကို ဒေသတွင်း၌ပင် အလွယ်တကူလုံလောက်စွာရရှိစေရန် ရည်ရွယ်၍ မန်းရေနံမြေတွင် MPRL E&P ၏ ဦးဆောင်မှုနှင့် စိုက်ပျိုးတောင်သူများ၏ပူးပေါင်းပါဝင်မှုဖြင့် သီးနှံထုတ်လုပ်မှုတွင် အခြေခံကျသည့် မျိုးစေ့ဘဏ်စနစ်ကို စီမံခန့်ခွဲဆောင်ရွက်လျက်ရှိသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစ၍ မန်းရေနံမြေထိစပ်ကျေးရွာ (၁၄) ရွာအနက် (၇) ရွာတွင် ကုလားပဲ၊ နေကြာနှင့် ခရမ်းချဉ်သီးနှံ တောင်သူများက မျိုးစေ့ဘဏ်စနစ် စီမံခန့်ခွဲမှုတွင် ပူးပေါင်းပါဝင်ခဲ့သည်။

အဆိုပါစနစ်တွင် မျိုးစေ့ဘဏ်စီမံခန့်ခွဲမှုကော်မတီများအနေဖြင့် လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်းများ၊ ကော်မတီဝင်ရွေးချယ်မှုဆိုင်ရာ စံသတ်မှတ်ချက်များချမှတ်၍ အရည်အသွေးမီမျိုးကောင်းမျိုးသန့်များ ဝယ်ယူဖြန့်ဖြူးနိုင်ရေးတို့ကို MPRL E&P  (CSR အစီအစဉ်) ၏ ပံ့ပိုးကူညီမှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ဒုတိယသုံးလပတ်အတွင်း မန်းကျိုးကျေးရွာ မျိုးစေ့ဘဏ်ကော်မတီသို့ အရည်အသွေးပြည့်မီသည့် နေကြာမျိုးစေ့များ စိုက်ပျိုးထုတ်လုပ်နိုင်ရန် ကျပ် ၁,၅၀၀,၀၀၀/ (ကျပ်တစ်ဆယ့်ငါးသိန်း) တန်ဖိုးရှိမျိုးစေ့များကို ထပ်မံဖြည့်တင်း ပံ့ပိုးခဲ့သည်။

## မန်းတောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှု အခြေအနေများကို လေ့လာစောင့်ကြည့်ခြင်း

မန်းရေနံမြေရှိ စိုက်ပျိုးတောင်သူများ၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှုအခြေအနေများကို MPRL E&P ၏ CSR လုပ်ငန်းအဖွဲ့ဝင်များက ပုံမှန်လေ့လာစောင့်ကြည့်လျက်ရှိပြီး လိုအပ်သည့်အကူအညီများ ပံ့ပိုးလျက်ရှိသည်။

အလားတူ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလအတွင်း အောက်ကျောင်းနှင့် မယ်ဘေ့ကုန်းကျေးရွာတို့ရှိ ကုလားပဲနှင့် နေကြာစိုက်တောင်သူ (၆၀) ဦးအတွက် ရေတံခွန်စိုက်ပျိုးရေးဝန်ဆောင်မှုအဖွဲ့၏အကူအညီဖြင့် စိုက်ပျိုးရေးဆိုင်ရာ ပိုးမွှားထိန်းချုပ်မှုနှင့် အပင်ရောဂါအမျိုးမျိုးတို့နှင့်



စပ်လျဉ်းသည့် တောင်သူပညာပေးဆွေးနွေးပွဲကို မယ်ဘေ့ကုန်းကျေးရွာ ဓမ္မာရုံတွင် ပြုလုပ်ခဲ့သည်။







အလားတူ ခရမ်းချဉ်စိုက်တောင်သူများ၏ သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်မှု အခြေအနေနှင့်ဈေးကွက် အခြေအနေတို့ကို လေ့လာစောင့်ကြည့်လျက်ရှိရာ ယခုနှစ်စိုက်ပျိုးရာသီအသစ်တွင် ခရမ်းချဉ်စိုက်ပျိုးတောင်သူ စုစုပေါင်း (၄၉) ဦးက ခရမ်းချဉ် (၁၂) ဧကကျော် စိုက်ပျိုးခဲ့ရာ တောင်သူအချို့၏ ခရမ်းချဉ်စိုက်ကွက်များမှ သီးနှံများ ခူးဆွတ်နိုင်ပြီဖြစ်သည်။ အောက်တိုဘာလနှင့် နိုဝင်ဘာလတို့အတွင်း ခရမ်းချဉ်သီးတစ်ပိဿာလျှင် ကျပ် ၁,၈၀၀/ ဝန်းကျင်ပေါက်ဈေးရှိပြီး ဒေသတွင်းဈေးကွက်သို့ စတင်ရောင်းချလျက်ရှိသည်။ ■

## အခြေခံပညာကျောင်းများရှိ လက်ဆေးစင်နှင့် ရေသန့်စက်များ ကြံ့ခိုင်မှုအခြေအနေ ပုံမှန်စစ်ဆေး

မန်းရေနံမြေထိစပ်ကျေးရွာများရှိ အခြေခံပညာကျောင်း (၁၀) ကျောင်းတွင် MPRL E&P (CSR အစီအစဉ်) ဖြင့် တပ်ဆင်ထားပြီးဖြစ်သည့် ရေသန့်စက်များ၏ ကြံ့ခိုင်မှုအခြေအနေနှင့် ပြုပြင်မွမ်းမံထိန်းသိမ်းရေးလုပ်ငန်းများကို ၂၀၂၃ -၂၀၂၄ ဘဏ္ဍာရေးနှစ်၊ တတိယသုံးလပတ်အတွင်း ဆက်လက်ဆောင်ရွက်ခဲ့သည်။ ထို့အပြင် ရေသန့်စက်များမှထွက်ရှိသည့် ရေနမူနာများရယူ၍ လိုအပ်သည့်စစ်ဆေးမှုများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ ရေနမူနာစစ်ဆေးမှုရလဒ်များကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများထံ အကြောင်းပြန်ကြားခဲ့ပြီးဖြစ်သည်။ ■







မျက်နှာဖုံးမှ အဆက် ➤

MPRL E&P (CSR အစီအစဉ်) အနေဖြင့် သင်ယူဝေမျှအတူတကွအစီအစဉ်ကို မန်းရေနံမြေတွင် နှစ်စဉ် အခြေခံပညာကျောင်းတစ်ကျောင်းကို ရွေးချယ်ကျင်းပလျက်ရှိရာ MPRL E&P ၏ CSR အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုအားကောင်းသည့် မန်းကျိုးကျေးရွာနှင့် မန်းကျိုးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတို့ကို ယခုနှစ်အတွက် ရွေးချယ်ကျင်းပခဲ့ခြင်းဖြစ်သည်။



မန်းကျိုးကျေးရွာ၊ အုပ်ချုပ်ရေးမှူး ဦးထွန်းလှအောင်က "ဒီအစီအစဉ်မှာ ကျွန်တော်တို့လည်း ပူးပေါင်းပါဝင်ခဲ့ပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေအတွက် အသစ်အဆန်းလေးတစ်ခုဖြစ်တော့ ဗဟုသုတနဲ့အတွေ့အကြုံရပြီး ပင်ကိုယ်အရည်အချင်းလေးတွေလည်း ဖော်ထုတ်ခွင့်ရခဲ့တယ်။ ကလေးတွေရဲ့ မျက်နှာလေးတွေမှာ စိတ်လက်ပေါ့ပါးပြီး လွတ်လပ်ပျော်ရွှင်နေကြတာတွေ့ရတယ်။ သူတို့စိတ်ကူးနဲ့ လိပ်ပြာလေးတွေ၊ ငှက်ကလေးတွေ၊ ပန်းအိုးလေးတွေ စသဖြင့် ပုံဖော်ဖန်တီးနိုင်ကြတာမို့ စိတ်ကူးကောင်းလေးတွေလည်း ပေါ်လာတာပေါ့။ ပူးပေါင်းဆောင်ရွက်တတ်တဲ့ အလေ့အကျင့်ကောင်းတွေလည်း ရလာတော့ ကလေးတွေအတွက် ဝမ်းသာမိပါတယ်" ဟု ဆိုသည်။

ယခုနှစ်အစီအစဉ်ကို မြေပန်းအိုးများ၊ ကြက်ဥခွံများ၊ ကတ်ထူစက္ကူပေါ်တွင် သဘာဝပန်းမန်၊ အဖူး၊ အပွင့်၊ အရွက်များအသုံးပြု၍ အဖွဲ့လိုက် စိတ်ကူးတီထွင်၍ ပန်းချီဖန်တီးရေးဆွဲခြင်းဖြင့် ပါဝင်လှုပ်ရှားစေခဲ့သည်။

CSR လုပ်ငန်းအဖွဲ့ဝင် Junior CSR Officer နော်မေပုလဲထူးက "သင်ယူဝေမျှအတူတကွ" အစီအစဉ်နှင့်စပ်လျဉ်း၍ စိတ်ကူးစိတ်သန်းဖြစ်လာပုံနှင့် ရည်ရွယ်ချက်တို့ကို ဤသို့ဆိုသည်။ "ကျောင်းတွေမှာ ပြင်ပစာသင်ခန်းနေ့ ကျင်းပဖို့စီစဉ်ဖြစ်ခဲ့တာက ဒီဘက်ခေတ်ကလေးတွေက အတန်းငယ်လေးတွေကအစ ကျောင်းရယ်၊ ကျူရှင်ရယ်၊ ဗီဒီယိုဂိမ်းတွေနဲ့ပဲ လုံးချာလည်နေပြီး ပြင်ပနဲ့ထိတွေ့မှု အားနည်းလာတာကို တွေ့လာရတယ်။ ဒါက စိတ်ပိုင်းဆိုင်ရာနဲ့ ကာယဉာဏ ဖွံ့ဖြိုးမှုအပိုင်းကို ဆိုးကျိုးသက်ရောက်စေကြောင်းနဲ့ ကလေးတွေက ဆော့ကစားရင်း သင်ယူလေ့လာချိန်ရှိဖို့ အရေးကြီးတယ်ဆိုတာကို အုပ်ထိန်းသူတွေကို အသိပညာပေးလှုံ့ဆော်ဖို့လည်း ဖြစ်ပါတယ်။ ဒီနှစ်မှာ ကလေးတွေရဲ့ လူမှုဆက်ဆံရေးနဲ့ စိတ်ပိုင်းဆိုင်ရာစွမ်းရည်တွေကို မြှင့်တင်ပေးဖို့ အဓိကရည်ရွယ်ခဲ့ပြီး သဘာဝပတ်ဝန်းကျင်မှာရှိတဲ့ သစ်ရွက်၊ သစ်ခက်၊ ပန်းမာန်တွေကို အသုံးပြုပြီး ပုံဆွဲဆေးခြယ်အလှဆင်တာတွေ၊ ကစားနည်းလေးတွေနဲ့ ပြင်ပကမ္ဘာနဲ့ ပိုပြီးချိတ်ဆက်လာနိုင်ဖို့ စဉ်းစားဖြစ်ပါတယ်။ တမူထူးခြားတဲ့ သင်ယူလေ့လာမှုအတွေ့အကြုံတွေကို မိမိကိုယ်ပိုင်စိတ်ကူးနဲ့ ပေါင်းစပ်ပုံဖော်တတ်စေဖို့လည်း ဖြစ်ပါတယ်။ ပုံဆွဲဆေးခြယ်အလှဆင်ပြီး ဖန်တီးနိုင်စွမ်းကို မြှင့်တင်ဖို့နဲ့ အဖွဲ့တစ်ဖွဲ့စီမှာ အသက်အရွယ်မတူတဲ့ ကျောင်းသားလူငယ်တွေကို ထည့်သွင်းပါဝင်ယှဉ်ပြိုင်စေတာကတော့ ပူးပေါင်းဆောင်ရွက်ခြင်းနဲ့ အဖွဲ့လိုက်လုပ်ဆောင်ခြင်းကဏ္ဍတွေမှာ တိုးတက်စေဖို့နဲ့ လက်တွဲခေါ်တတ်ဖို့၊ တာဝန်ခွဲဝေတတ်ဖို့၊ စာနာတတ်ဖို့ ရည်ရွယ်ပါတယ်။"







အစီအစဉ်တွင် မြေအိုးဆေးခြယ်အလှဆင်၍ အပင်စိုက်ပျိုးခြင်း၊ သဘာဝပန်းမန်များ၏ အဖူး၊ အပွင့်၊ အခက်၊ အလက်တို့ကို အသုံးပြု၍ "စိတ်ကူးထဲကလိပ်ပြာငယ်"၊ "သစ်ကိုင်းပေါ်က ရောင်စုံငှက်ငယ်" နှင့် "ပန်းအိုးကလေးဝေဝေဆာဆာ" စသည့် ခေါင်းစဉ်တို့ဖြင့် ဖန်တီးပုံဖော်ခြင်း၊ "တို့နေချင်တဲ့ ရွာကလေး" ဟူသော ခေါင်းစဉ်ဖြင့် ပုံဖော်အလှဆင်ခြင်းတို့ကို သူငယ်တန်းမှ နဝမတန်းအထိ ကျောင်းသားကျောင်းသူ (၄၀) ဦးစီပါဝင်သည့် အဖွဲ့ (၅) ဖွဲ့ခွဲ၍ စုပေါင်းပါဝင် ယှဉ်ပြိုင်စေခဲ့သည်။



"ကျွန်မက ဒီအစီအစဉ်ရဲ့ ချက်ပြုတ်ကျွေးမွေးရေးအပိုင်းမှာ ပူးပေါင်းပါဝင်ခဲ့ပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေအတွက် အတွေ့အကြုံသစ်တွေဖြစ်တော့ ဗဟုသုတလည်းရတယ်။ ပူးပေါင်းဆောင်ရွက်တာ၊ အသိပညာ၊ အတတ်ပညာဖလှယ်နိုင်တာတွေကြောင့် စူးစမ်းလိုစိတ်နဲ့ ဉာဏ်ရည်ဉာဏ်သွေးတွေလည်း ထက်မြက်လာမယ်လို့ ယူဆပါတယ်။ ဒီလိုအစီအစဉ်မျိုးလေးတွေ နောင်နှစ်တွေမှာလည်း လုပ်ဆောင်ပေးနိုင်ပါစေလို့ ဆန္ဒပြုပါတယ်" ဟု ကျောင်းသားမိခင်တစ်ဦးဖြစ်သည့် ဒေါ်ညိုစန်းကဆိုသည်။

ယခုနှစ်အတွက်ကျင်းပသည့် "သင်ယူဝေမျှအတူတကွ" အစီအစဉ်တွင် ကျောင်းသား၊ ကျောင်းသူ (၂၀၇) ဦး ပါဝင်ပြိုင်ပွဲဝင်ခဲ့ပြီး မိဘ၊ ဆရာများနှင့် CSR လုပ်ငန်းအဖွဲ့ဝင်များ စုစုပေါင်း (၂၅၆) ဦး ပူးပေါင်း ပါဝင်တက်ရောက်ခဲ့သည်။

ပြိုင်ပွဲဝင်အဖွဲ့တစ်ဖွဲ့ဖြစ်သည့် "Ever Smile Group" မှ Grade-6 ကျောင်းသူ မရွှေဖြိုးဝေက "သမီးတို့အတွက်









အဖွဲ့နဲ့လုပ်ဆောင်တတ်အောင်၊ ပြင်ပအတွေ့အကြုံတွေ ရရှိအောင်နဲ့ ပျော်ရွှင်အောင် ရည်ရွယ်ပြုလုပ်တဲ့ ဒီအစီအစဉ်လေးကို စီစဉ်ပေးတော့ သမီးတို့ပါဝင်ခွင့်ရလို့ ဝမ်းသာပါတယ်။ အဖွဲ့ခေါင်းဆောင်က မလုပ်တတ်ရင်လုပ်တတ်အောင်သင်ပေးပြီး အဖွဲ့ခေါင်းဆောင်ရဲ့ စီစဉ်ညွှန်ကြားမှုအတိုင်း ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ အခုဆိုရင် လက်တွေ့လုပ်ဆောင်တတ်ပြီး သမီးကိုယ်တိုင်လည်း ပုံတွေဆွဲတတ်လာတယ်၊ အရောင်တွေလည်း စပ်တတ်လာပါတယ်။ မလုပ်တတ်ပေမယ့် ကြိုးစားရင် အောင်မြင်မယ်ဆိုတာလည်း သိလာပါတယ်။ သမီးတို့အဖွဲ့ဝင်တွေ စည်းစည်းလုံးလုံးနဲ့ လုပ်ဆောင်တတ်လာပြီး သူများမလုပ်တတ်ရင်လည်း အပြစ်မမြင်တော့ဘဲ သင်ပြပေးတတ်လာပါတယ်။ ဒီအစီအစဉ်ကနေ သမီးတို့အတွက် အတွေ့အကြုံ



အသစ်တွေရရှိပြီး ကွန်ပါဗူးဆုလည်း ရခဲ့ပါတယ်” ဟု ပြန်လည်မျှဝေသည်။ အလားတူ “Beautiful Flower Group” မှ Grade-6 ကျောင်းသား မောင်ဘုန်းဝင့်မာန်က “သားတို့ကျောင်းသားတွေ အချင်းချင်းပူးပေါင်းဆောင်ရွက်တာ၊ စည်းလုံးညီညွတ်မှုရှိလာတာကြောင့် ဝမ်းသာပါတယ်၊ ပြီးတော့ ကျောင်းပြင်ပဗဟုသုတွေရလာပြီး သားတို့ပျော်အောင် လာပြီးကျင်းပပေးတာလို့လည်း သိရပါတယ်။ အခုဆိုရင် ပုံဆွဲတတ်လာတယ်၊ ပန်းပွင့်ဖတ်လေးတွေနဲ့ လိုချင်တဲ့ပုံဖော်နည်းလေးတွေလည်း လုပ်တတ်လာတယ်။ တစ်ယောက်နဲ့တစ်ယောက် လေ့လာသင်ယူလို့ရလာတော့ သားမသိတာတွေလည်း သားတို့အဖွဲ့ဝင်တွေက ပြောပြကူညီပေးတယ်။ ဆေးခြယ်တဲ့နေရာက စိတ်ကူးကောင်းဖို့လိုပါတယ်။ သားတို့အဖွဲ့ဆုမရပေမယ့်လည်း အားလုံးစုပေါင်းလုပ်ကြရင် အလုပ်တစ်ခုပြီးမြောက်အောင်မြင်တယ်ဆိုတာတော့ သားတို့လေ့လာသင်ယူရပါတယ်” ဟု ရှင်းပြသည်။

အလားတူ မန်းကျိုးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၏ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းအေးက “ကျွန်မတို့ကျောင်းမှာ အခုလို အစီအစဉ်ပြုလုပ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေ စိတ်လက်ပေါ့ပါးပြီး ပျော်ပျော်ရွှင်ရွှင်ပူးပေါင်းဆောင်ရွက်ကြတဲ့အတွက် ဝမ်းသာမိပါတယ်။ အကဲဖြတ်ဒိုင်အဖြစ်ပါဝင်ခွင့်ရတော့ ကျွန်မကိုယ်တိုင်လည်း အတွေ့အကြုံသစ်တွေ ရခဲ့ပါတယ်။ ပြိုင်ပွဲဝင်ကလေးတို့အဖွဲ့တွေကို အကဲဖြတ်ရတော့ အမှတ်ပေးစည်းကမ်းလေးတွေရဲ့ သဘောသဘာဝလေးတွေကိုလည်း သိခဲ့ရတယ်။ ကလေးတွေရဲ့ တီထွင်စမ်းသပ်ပြီး စည်းစည်းလုံးလုံးနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ တိုးတက်လာတယ်လို့ မြင်ပါတယ်” ဟု ရှင်းပြသည်။

အကဲဖြတ်အဖွဲ့ဝင်များတွင် မန်းကျိုးကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်း၊ ကျောင်းအုပ်ဆရာမကြီး၊ အေးမြကျေးရွာပန်းချီဆရာ၊ နန်းဦးကျေးရွာအုပ်ချုပ်ရေးမှူး၊ CSR အဖွဲ့ဝင်တစ်ဦးနှင့် အွန်လိုင်းအင်္ဂလိပ်စာသင်တန်းအထောက်အကူပြုနည်းပြတစ်ဦးတို့ ပါဝင်ပြီး ပူးပေါင်းဆောင်ရွက်မှု၊ တာဝန်ခွဲဝေတတ်မှု၊ ခေါင်းစဉ်နှင့်အံဝင်ခွင်ကျသရုပ်ဖော်တတ်မှု၊ ရလဒ်လှပသေသပ်မှုနှင့် တီထွင်ဆန်းသစ်နိုင်မှုတို့အပေါ်တွင်အခြေခံ၍ ဆုများအသီးသီးရွေးချယ်ခဲ့သည်။ အဆိုပါ အစီအစဉ်တွင် “Ever Smile”၊ “Royal Rose”၊ “Beautiful Flowers”၊ “သင်ယူလေ့လာ ကြယ်စင်သစ်ကမ္ဘာ” နှင့် “Best Players” ဟူ၍ အဖွဲ့(၅) ဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး “Ever Smile”၊ “Best Players” နှင့် “Royal Rose” အဖွဲ့တို့က ပထမ၊ ဒုတိယနှင့် တတိယဆုများ အသီးသီးရရှိခဲ့ပြီး ပါဝင်ယှဉ်ပြိုင်သည့် အဖွဲ့များကို MPRL E&P (CSR အစီအစဉ်) ဖြင့် ဆုများနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ချီးမြှင့်ခဲ့သည်။

ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားမှုအစီအစဉ်တစ်ခုဖြစ်သည့် ပြင်ပစာသင်ခန်းနေ့ (Outdoor Classroom Day) အစီအစဉ်တွင် ယနေ့အထိ ပံ့ပိုးပါဝင်သူ (၁၃၀,၈၅၉) ဦးနှင့် ကျောင်းသား၊ ကျောင်းသူ (၁၂,၄၁၄,၀၃၃) ဦး ရှိပြီး မြန်မာနိုင်ငံမှ MPRL E&P အပါအဝင် အဖွဲ့အစည်း (၃) ခုကလည်း ပါဝင်ကျင်းပခဲ့သည်။ အဆိုပါအစီအစဉ်တွင် မန်းကျိုးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအနေဖြင့် ပါဝင်နိုင်ခဲ့သည်ကိုဂုဏ်ယူကြောင်း Junior CSR Officer က အစီအစဉ်နှင့်စပ်လျဉ်း၍ အမှတ်တရပြောကြားသည်။ ■





# လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများနှင့်ထိတွေ့ဆက်ဆံခြင်း

## ခြောက်လပတ်အတွင်းဆောင်ရွက်ခဲ့သည့် CSR လုပ်ငန်းများနှင့်စပ်လျဉ်း၍ လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများကို ရှင်းလင်းတင်ပြခြင်း

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ပထမခြောက်လပတ်အတွင်း မန်းရေနံမြေတွင် MPRL E&P (CSR အစီအစဉ်) ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းများကို နေပြည်တော်ရှိ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း တာဝန်ရှိသူများထံ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၁၂) ရက်နေ့တွင် MPRL E&P ၏ တာဝန်ရှိသူများက သွားရောက်ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါအစည်းအဝေးသို့ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (နေပြည်တော်)၊ MPRL E&P မှ တာဝန်ရှိသူများနှင့် CSR လုပ်ငန်းအဖွဲ့ဝင်များတက်ရောက်ခဲ့ပြီး မန်းရေနံမြေအထွေထွေမန်နေဂျာနှင့် MPRL E&P ၏ ရေနံမြေစီမံခန့်ခွဲရေးမန်နေဂျာတို့က အွန်လိုင်းမှတဆင့် တက်ရောက်ခဲ့ရာ စုစုပေါင်း (၁၇) ဦး တက်ရောက်ခဲ့သည်။







*၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ပထမခြောက်လပတ်အတွင်းဆောင်ရွက်ခဲ့သည့် CSR လုပ်ငန်းများကို မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (နေပြည်တော်) ရှိ တာဝန်ရှိသူများအား ရှင်းလင်းတင်ပြခြင်း*

## ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်နိုင်မည့် CSR လုပ်ငန်းများကို သတ်မှတ်ဖော်ထုတ်နိုင်ရန် ဒေသခံများ၏ လိုအပ်ချက်များကို အကြိုစစ်တမ်းကောက်ယူခြင်း

MPRL E&P (CSR အစီအစဉ်) အနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်နိုင်မည့် ကျေးရွာအခြေခံအဆောက်အဦဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်များကို သတ်မှတ်ဖော်ထုတ်နိုင်ရန် မန်းရေနံမြေထိစပ်ကျေးရွာ (၁၄) ရွာရှိ ဒေသခံများနှင့် ရေနံမြေ CSR လုပ် ငန်းအဖွဲ့ဝင်များက အကြိုတွေ့ဆုံစစ်တမ်းကောက်ယူခြင်းကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှ စတင်၍ ဆောက်ရွက်လျက်ရှိသည်။ အဆိုပါလေ့လာမှုအရ ဒေသခံများ အဆိုပြုသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် လက်ရှိအခြေအနေနှင့် ဆောင်ရွက်နိုင်မည့်လုပ်ငန်းများကို သတ်မှတ်အတည်ပြုနိုင်ရန် CSR လုပ်ငန်းအဖွဲ့ဝင်များက ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလဆန်းပိုင်းတွင် ထပ်မံဆန်းစစ်၍ သက်ဆိုင်ရာဒေသခံများနှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။ ■










*၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်နိုင်မည့် CSR လုပ်ငန်းအစီအစဉ်များကို သတ်မှတ်ဖော်ထုတ်နိုင်ရန် မန်းရေနံမြေဒေသခံများ၏ လိုလားချက်များကို အကြိုစစ်တမ်းကောက်ယူခြင်း*

# လက်ခံရရှိသည့် အကြံပြုစာများကို သတ်မှတ် KPIs များနှင့်အညီ အလေးထားဖြေရှင်းဆောင်ရွက်ပေးလျက်ရှိ

ဒေသခံတစ်ဦးချင်းနှင့် ဒေသခံလူထုအတွက် နစ်နာမှုများကို ဖြေလျှော့ကုစားသည့် လုပ်ငန်းစဉ်ဖြစ်သည့် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ် (Operational Grievance Mechanism) အရ မန်းရေနံမြေတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ စက်တင်ဘာလ၊ အောက်တိုဘာလနှင့် နိုဝင်ဘာလတို့အတွင်း မန်းရေနံမြေနှင့် ထိစပ်ကျေးရွာဖြစ်သည့် ကြာကန်နှင့်မကြီးချောင်းကျေးရွာတို့ရှိ ဒေသခံများထံမှ ကုမ္ပဏီ၏ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာသည့် အကျိုးဆက် (သို့မဟုတ်) သက်ရောက်မှု၊ နစ်နာမှုတစ်စုံတစ်ရာရှိကြောင်းပေးပို့လာသော အကြံပြုစာလွှာ စုစုပေါင်း (၂) စောင် လက်ခံရရှိခဲ့ရာ ၂၀၁၄ ခုနှစ်မှ ယနေ့အထိ ပေးပို့လာသော အကြံပြုစာအရေအတွက် စုစုပေါင်း (၁၇၄) စောင်ရှိပြီဖြစ်သည်။




*၂၀၁၄ ခုနှစ်မှ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလအထိ လက်ခံရရှိသော အကြံပြုစာအမျိုးအစားနှင့် အရေအတွက်*

တင်ပြလာသည့်ဖြစ်စဉ်များကို MPRL E&P ၏ မန်းရေနံမြေစီမံခန့်ခွဲရေးအဖွဲ့ (Field Operations Team) နှင့် သက်ဆိုင်ရာဌာနများ ပူးပေါင်း၍ စစ်ဆေးပြုပြင်မှုများ ပြုလုပ်ခဲ့ပြီး အကြံပြုလွှာများကို အောင်မြင်စွာပိတ်သိမ်းနိုင်ခဲ့သည်။ လုပ်ငန်းစဉ်စတင်ခဲ့သည့် ၂၀၁၄ ခုနှစ်မှ စတင်ခဲ့သည့် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်တွင် အကြံပြုစာတစ်စောင်စီအလိုက် ဖြေရှင်းဆောင်ရွက်ရသည့် လုပ်ငန်းစဉ်များအတွက် အကြံပြုစာပေးပို့သူဘက်မှ ကျေနပ်မှု ခိုင်နှုန်း (၉၈) ရရှိထားပြီး လုပ်ငန်းစဉ် ဖြေရှင်းဆောင်ရွက်မှုအပေါ် ကျေနပ်မှုရာခိုင်နှုန်း (၁၀၀) လည်း ရရှိထားပြီးဖြစ်သည်။

MPRL E&P သည် လုပ်ငန်းလုပ်ကိုင်ရာ ဒေသရှိ ဒေသခံများ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ဆက်စပ်သည့် ကိစ္စရပ်များနှင့် စိုးရိမ်မှုများရှိပါက တိုက်ရိုက်ဆက်သွယ်ပြောဆိုနိုင်မည့်နည်းလမ်းတစ်ခုအဖြစ် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို ဆယ်စုနှစ်တစ်ခုစာ အောင်မြင်စွာလည်ပတ်လုပ်ကိုင်လျက်ရှိသည်။

လုပ်ငန်းစဉ်ဆိုင်ရာ အချက်အလက် များကို သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း သုံးလတစ်ကြိမ် ပုံမှန်ပြုစုကာ အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ကုမ္ပဏီဝက်ဘ်ဆိုဒ်တွင် ပုံမှန်တင်ပြအစီရင်ခံလျက်ရှိသည်။ ၂၀၂၃ -၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ဒုတိယသုံးလပတ်အတွက် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းဆိုင်ရာ သုံးလပတ်အစီရင်ခံစာကို အများသူငှာ လေ့လာနိုင်ရန် အသစ်ပြုစုတင်ပြထားပြီး ဖြစ်သည်။ ■

# ကျောင်းသား၊ ကျောင်းသူများကို ကျောင်းစိုက်ခင်းများတွင် ခရမ်းချဉ်စိုက်ပျိုးနည်းများ လက်တွေ့သရုပ်ပြသ







မန်းရေနံမြေ ထိစပ်ကျေးရွာများဖြစ်သည့် မယ်ဘော့ကုန်းနှင့် လက်ပံတပင်ကျေးရွာတို့ရှိ "စိမ်းလန်းစိုပြေ တို့ကျောင်းမြေ" အစီအစဉ်တွင် အခြေခံပညာကျောင်းသားကျောင်းသူများအတွက် ခရမ်းချဉ်ပင်စိုက်ပျိုးနည်းများကို MPRL E&P (CSR အစီအစဉ်) ၏ စိုက်ပျိုးရေးဆိုင်ရာ ညှိနှိုင်းရေးမှူး ဦးဝင်းကိုက လက်တွေ့သရုပ်ပြ စိုက်ပျိုးခဲ့သည်။

မန်းရေနံမြေဒေသခံ ကျောင်းသားလူငယ်များအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို စိတ်ပါဝင်စားပြီး ကျောင်းပြင်ပလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်နိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ MPRL E&P (CSR အစီအစဉ်) ဖြင့် သက်ဆိုင်ရာအခြေခံပညာကျောင်းအလိုက် ဥယျာဉ်စိုက်ပျိုးနည်းများ လက်တွေ့သရုပ်ပြသခြင်း၊ အလှပန်းပင်နှင့် ကျောင်းပရဝဏ်သာယာလှပရေးအတွက် မြေယာပြုပြင်ခြင်း၊ ကစားခုန်စားကိရိယာများ တည်ဆောက်တပ်ဆင်ခြင်း၊ အလှပန်းပင်များ စိုက်ပျိုးခြင်းတို့ကို ပံ့ပိုးဆောင်ရွက်လျက်ရှိသည်။ ■



# မန်းရေနံမြေတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် MPRL E&P ၏ ရေနံမြေတာဝန်ခံဆရာဝန်နှင့်တွေ့ဆုံခြင်း

မန်းရေနံမြေတွင် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် MPRL E&P ကုမ္ပဏီသည် အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို မန်းရေနံမြေဒေသခံများလွယ်လင့်တကူရရှိစေရန်နှင့် အခမဲ့ရရှိနိုင်စေရန် ရည်ရွယ်၍ မန်းရေနံမြေထိစပ်ကျေးရွာ (၁၄) ရွာ၏ စုရပ် (၆) ခုတွင် ရွေ့လျားကျန်းမာရေး ဆေးပေးခန်းများကို တစ်ပတ်လျှင် (၅) ကြိမ်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုများ ပံ့ပိုးလျက်ရှိပါသည်။ MPRL E&P (CSR အစီအစဉ်) ဖြင့် ပံ့ပိုးလျက်ရှိသည့် အဆိုပါအစီအစဉ်တွင် ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဌာန (HSE Department) တွင် HSE Officer အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည့် ရေနံမြေတာဝန်ခံ ဆရာဝန်များ၏ ပူးပေါင်းပါဝင်ကူညီမှုဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် CSR အစီအစဉ်၏ ပံ့ပိုးမှုဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုသင်တန်းများ ပြီးမြောက်အောင်မြင်ခဲ့သည့် ဒေသခံသင်တန်းသားများကို ရွေ့လျားဆေးပေးခန်းများတွင် ကျန်းမာရေးအထောက်အကူပြုဝန်ထမ်းများအဖြစ် ပြန်လည်ခန့်အပ်ဆောင်ရွက်ခဲ့သည်။

သို့ဖြစ်၍ မန်းရေနံမြေဒေသခံများ၏ ကျန်းမာရေးဆိုင်ရာ အလေ့အထများ၊ အဖြစ်များသည့်ရောဂါများနှင့် ကုမ္ပဏီအနေဖြင့် ပံ့ပိုးလျက်ရှိသည်များကို ရွေ့လျားဆေးပေးခန်းများ၏ ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်တွင် ပါဝင်လျက်ရှိသည့် ရေနံမြေတာဝန်ခံဆရာဝန် ဒေါက်တာကျော်ရဲထွဋ်နှင့် တို့မန်းမြေသတင်းအယ်ဒီတာအဖွဲ့တို့၏ တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြအပ်ပါသည်။

**■ မင်္ဂလာပါ ဆရာကျော်။ မန်းရေနံမြေဒေသခံတွေနဲ့ ကျန်းမာရေးဆိုင်ရာ အလေ့အထတွေနဲ့ ပတ်သက်ပြီး ဆရာတို့ သိထားတာလေးတွေ ရှင်းပြပေးပါဆရာ။**

မင်္ဂလာပါ။ ကျွန်တော်တို့ မန်းရေနံမြေမှာ ဒေသခံအများစုက အခုလို စက်တင်ဘာလကနေ ဒီဇင်ဘာလ လောက်အထိ နှမ်းတင်မြေနုဖြစ်တဲ့ ကျွန်းတွေမှာ စိုက်ကြပျိုးကြ လုပ်ကိုင်ကြတဲ့အချိန်မို့ ဒီသုံးလေးလလောက်မှာ လူနာလာရောက်ပြသတာ နည်းတတ်ပါတယ်။ ကျန်တဲ့လတွေမှာတော့ လူနာလာရောက်ပြသမှုက ပုံမှန်ပါပဲ။ ကျွန်တော်တို့ ဆေးခန်းဖွင့်တဲ့ စုရပ် (၆) ခုမှာ ဆေးခန်းတစ်ခုကို ပုံမှန် လူ (၂၅) ယောက်ကနေ (၃၀) လောက်အထိ လာရောက်ပြလေ့ရှိပါတယ်။ အများစုကတော့ ဆီးချို၊ သွေးတိုး လူနာတွေပါ။ အထူးသဖြင့်တော့ ဆေးခန်းလာပြတဲ့ မန်းဒေသခံ ဦးကြီးနဲ့ အရီးတွေရဲ့ (၆၀) ရာခိုင်နှုန်းလောက်က ကျွန်တော်တို့ ကျန်းမာရေးပညာပေးအစီအစဉ်နဲ့ ဆေးခန်းကနေ အကြံပြုလိုက်တဲ့ အကြံပြုချက်တွေကို လိုက်နာကြပါတယ်။ ကျန် (၄၀) ရာခိုင်နှုန်းလောက်ကတော့ အစားအသောက်ဆင်ခြင်မှုအားနည်းတာမျိုး ရှိပါတယ်။ သွေးတိုး၊ ဆီးချို အတက်အကျများတယ်လို့ ပြောနိုင်ပြီး ထိန်းချုပ်လို့ရတဲ့သူတွေလည်း ရှိပါတယ်။ တခြားအဖြစ်များတဲ့ ကျန်းမာရေးပြဿနာအနေနဲ့ကတော့ စိုက်ပျိုးမွေးမြူရေးအဓိကလုပ်ကိုင်ကြတဲ့ ဒေသဆိုတော့ အလုပ်ကြမ်းလုပ်ရတာမျိုးကြောင့်ဖြစ်တဲ့ ဝေဒနာတွေပါပဲ။ ခြေလက်ကိုက်ခဲတာ၊ ညောင်းညာတာနဲ့ တချို့ရွာတွေမှာ တောင်းရက်တဲ့လုပ်ငန်းမျိုးတွေရှိတော့ ဇက်ကြောတက်၊ ကျီးပေါင်းလို ရောဂါမျိုးလေးတွေ အတွေ့ရများပါတယ်။ အထူးကုတွေနဲ့ ဆက်ပြီး ကုသဖို့လိုတဲ့ ရောဂါမျိုး စမ်းသပ်တွေ့ရှိတာကိုတော့ သက်ဆိုင်ရာအထူးကုများနဲ့ဆက်ပြီး ပြသနိုင်အောင် ကျွန်တော့်တို့က စနစ်တကျ လမ်းညွှန်ရှင်းပြပေးပါတယ်။ တချို့ ပြင်းထန်ရောဂါမျိုးဖြစ်တဲ့ ဦးနှောက်အကျိတ်ရောဂါနဲ့ လူနာတစ်ဦးလည်းတွေ့ဖူးပါတယ်။

**■ ဟုတ်ကဲ့ပါဆရာ။ ဆီးချိုသွေးတိုးရောဂါနဲ့ပတ်သက်တဲ့ ကျန်းမာရေးအသိပညာပေးတာတွေ၊ သွေးလွန်တုပ်ကွေးရောဂါအကြောင်းတွေ ကျောင်းတွေနဲ့ ရပ်ရွာတွေထဲမှာ ဆရာတို့မျှဝေပေးနေတာတွေလည်း သိထားပါတယ်။ ဒီလိုအစီအစဉ်တွေနဲ့ ပတ်သက်ပြီးလည်း ဆရာ့အတွေ့အကြုံကို မျှဝေပေးပါအုံးဆရာ။**

ဟုတ်ပါတယ်။ CSR အစီအစဉ်ကနေ စီစဉ်ပြီး ကျွန်တော်တို့ ကျန်းမာရေးဝန်ထမ်းတွေက ပြန်မျှဝေပေးနေတဲ့ ကျန်းမာရေးအသိပညာပေးအစီအစဉ်တွေကို အချိန်အခါအလိုက် ပံ့ပိုးနေပါတယ်။ ပြီးခဲ့တဲ့ မိုးဦးကျကတည်းက ကျောင်းတွေ၊ ရပ်ထဲရွာထဲတွေမှာ သွေးလွန်တုပ်ကွေးရောဂါနဲ့ပတ်သက်ပြီး အသိပညာပေးတာတွေ ဆောင်ရွက်ခဲ့ပါတယ်။ ကျောင်းသားလေးတွေက သူတို့ နဂိုသိပြီးသားလေးတွေကို ကျွန်တော်တို့က ထပ်ပြီး နွေးပေးသလို၊ အသိလွဲနေတာမျိုးလေးတွေဆိုလည်း ရှင်းပြတည့်မတ်ပေးတာမျိုးပါ။ ဒီလို အသိပညာပေးပွဲတွေ သွားလုပ်တဲ့အခါ ကျောင်းအုပ်ကြီးတွေရဲ့ ကြိုဆိုမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုက အားရစရာကောင်းပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေကလည်း အားတက်သရော တက်ရောက်နားထောင်ကြ၊ မေးကြမြန်းကြနဲ့ ပျော်စရာကောင်းပါတယ်။ ဒေသခံအများစုအတွက် အချိန်အခါအလိုက်လိုအပ်တဲ့ ကျန်းမာရေးအသိပညာပေးပွဲလေးတွေကို CSR လုပ်ငန်းအဖွဲ့ဝင်တွေအနေနဲ့ အခါအားလျော်စွာ ဆက်ပြီးပံ့ပိုးသွားဖို့ အစီအစဉ်ရှိပါတယ်။

**■ ဆရာက မန်းရေနံမြေစီမံခန့်ခွဲရေးအဖွဲ့ဝင်တွေအတွက် HSE Department ရဲ့ တာဝန်တွေအပြင် ဒီလိုရွေ့လျားဆေးပေးခန်းတွေ၊ ဒေသခံနဲ့ ကျောင်းသားတွေကို ကျန်းမာရေးအသိပညာပေးတာတွေပါ လုပ်နေနိုင်တာလည်း ချီးကျူးစရာပါ။ ဆရာ့ လုပ်ငန်းသဘောသဘာဝနဲ့ စိတ်ဝင်စားမှုတွေကိုလည်း ပြောပြပေးပါဦး။**

မန်းရေနံမြေမှာ တာဝန်ထမ်းဆောင်နေတဲ့ ကျွန်တော်တို့တွေက လစဉ်ပုံမှန် (၂၈) ရက်လုပ်ပြီး (၁၄) ရက်နားရတဲ့ အချိန်အပိုင်းအခြားနဲ့ တာဝန်ထမ်းဆောင်ရတဲ့ လုပ်ငန်းခွင်ပါ။ ဒါကြောင့် ပြည့်ပြည့်ဝဝအလုပ်လုပ်ပြီးရင် ပြည့်ပြည့်ဝဝအနားရတဲ့ လုပ်ငန်းခွင်အနေအထားလည်း ဖြစ်ပါတယ်။ ဆရာဝန်တစ်ယောက်ဖြစ်တဲ့ ကျွန်တော်က အရင်ကတည်းက HSE လုပ်ငန်းတွေကို ဝါသနာပါပါတယ်။ လုပ်ငန်းခွင်ကျန်းမာရေးရဲ့ အရေးပါပုံနဲ့ တခြား HSE လုပ်ငန်းတွေကိုလည်း ကျွန်တော်စိတ်ဝင်စားပါတယ်။ ဒါကြောင့်လည်း ကျွန်တော့်အသက်မွေးဝမ်းကျောင်းကို လုပ်ငန်းခွင်ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးကဏ္ဍကို ရွေးချယ်ခဲ့တာပါ။

စာမျက်နှာ - ၁၅ ➤





# မန်းရေနံမြေဒေသခံများအတွက် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ပုံမှန်ပံ့ပိုးလျက်ရှိ








MPRLl E&P သည် မန်းရေနံမြေထိစပ်ကျေးရွာ (၁၄) ရွာများရှိ ဒေသခံ (၁၁,၈၈၆) ဦးကို လွှမ်းခြုံနိုင်မည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ရွှေ့လျားဆေးပေးခန်းအစီအစဉ်ဖြင့် အခမဲ့ပံ့ပိုးလျက်ရှိပြီး ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ အထိ ဆေးခန်းဖွင့်လှစ်မှုအကြိမ်ရေ (၆၄၂) ကြိမ် ရှိပြီဖြစ်ပြီး အဆိုပါဆေးခန်းများသို့ လာရောက်ပြသမှု အကြိမ်ရေ (၂၂,၀၀၆) ကြိမ် ရှိပြီဖြစ်ကြောင်း MPRL E&P ၏ CSR လုပ်ငန်းအဖွဲ့ဝင်များထံမှ သိရသည်။



MPRL E&P (CSR အစီအစဉ်) ဖြင့် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့် ရွှေ့လျားဆေးပေးခန်းများကို မန်းရေနံမြေ ထိစပ်ကျေးရွာ (၁၄) ရွာအတွင်းရှိ စုရပ်နေရာ (၆) ခုတွင် ပုံမှန်ဖွင့်လှစ်လျက်ရှိပြီး သွားလာရန် အခက်အခဲရှိသည့် ရဟန်းသံဃာများနှင့် နာမကျန်းလူနာများအတွက် အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုများကို ပံ့ပိုးလျက်ရှိသည်။ ထို့အပြင် ၂၀၂၃ ခုနှစ်၊ နှစ်ဦးပိုင်းမှ စတင်၍ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အသက် (၆၀) နှစ်နှင့်အထက် ဘိုးဘွားများအတွက် မျက်စိကျန်းမာရေးစောင့်ရှောက်မှုများကို ပံ့ပိုးခဲ့ပြီးဖြစ်သည်။ ■

**ရွှေ့လျားဆေးပေးခန်းများဖြင့် အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိသည့်အခြေအနေ**

| ဆေးခန်း ဖွင့်လှစ်သည့် လ | ဆေးခန်းဖွင့်လှစ်သည့် အကြိမ်ရေ | ဆေးခန်းသို့လာရောက် ပြသမှုအကြိမ်ရေ | အိမ်တိုင်ရာရောက်ကျန်းမာရေး စောင့်ရှောက်မှု အကြိမ်ရေ |
|---|---|---|---|
| စက်တင်ဘာလ | ၂၁ | ၆၇၈ | |
| အောက်တိုဘာလ | ၂၁ | ၅၆၉ | ၁ (လေးအိမ်တန်း) |
| နိုဝင်ဘာလ | ၁၃ | ၂၇၇ | |

စာမျက်နှာ - ၁၄ မှ အဆက် ➤

တခြား အစီရင်ခံစာရေးတာတွေ၊ ရေနံမြေလုပ်ငန်းခွင်ထဲမှာ အန္တရာယ်ဖြစ်နိုင်ခြေရှာဖွေတာ စတဲ့လုပ်ငန်းတွေကို ကျွန်တော်နဲ့ ကျွန်တော့်ရဲ့ ညီနောင် ဒေါက်တာဇေရန်ပိုင်သူနဲ့ အတူ အလှည့်လေးနဲ့ လုပ်ကိုင်နေတာတွေ ရှိပါတယ်။

**■ မန်းရေနံမြေဒေသခံတွေမှာ တခြားတွေ့ရတဲ့ ကျန်းမာရေးပြဿနာတွေရှိရင်လည်း ပြောပြပေးပါအုံးဆရာ။**

ကျွန်တော်တို့ ဒေသခံတွေနဲ့ ထိတွေ့ဆက်ဆံရတဲ့အခါမှာ မန်းဒေသက အပူပိုင်းဒေသဖြစ်ပြီး၊ ရေနံမြေလည်း ဖြစ်တော့ မျက်ခမ်းစပ်လို မျက်စိဝေဒနာရှင်တွေလည်း အတွေ့ရ များပါတယ်။ မျက်စိနဲ့ပတ်သက်တဲ့ ကုသမှုတွေက အထူးကုဆရာဝန်ကြီးတွေနဲ့ သေချာတိုင်ပင်ပြသရမှာတွေ ရှိပါတယ်။ သက်ဆိုင်တဲ့ အထူးကုတွေဆီ ဆက်ပြီးပြသဖို့ လွှဲပေးရတဲ့ Case တွေလည်းရှိပါတယ်။ တချို့လည်း သွားပြတယ်။ ရလာတဲ့ဆေးတွေ၊ အကြံဉာဏ်တွေကို ကျွန်တော်တို့ကို ပြန်ပြီး အကြောင်းပြန်ပြဖို့လည်း မှာထားပေးပါတယ်။ အထူးကုဆီက ပေးလိုက်တဲ့ဆေးတွေ သေချာမှန်မှန်သောက်ဖို့နဲ့ တခြားလိုက်နာရမယ့် ဆောင်ရန်၊ ရှောင်ရန်လေးတွေကိုလည်း ကျွန်တော်တို့က ထပ်ပြီးပံ့ပိုးပေးပါတယ်။ အထူးသဖြင့်တော့ ဘဝနေထိုင်မှုပုံစံနဲ့ ပတ်သက်ပြီး ဘယ်လိုစားသောက်နေထိုင်သင့်တယ်ဆိုတာလေးတွေကို ရှင်းပြပေးပါတယ်။ ဆေးခန်းနဲ့ဆေးရုံတွေမှာ မမေးရဲ၊ မပြုရဲတာတွေရှိရင်လည်း ဒေသခံတွေနဲ့ရင်းနှီးမှုရှိတဲ့ ကျွန်တော်တို့နဲ့ဆို ပွင့်ပွင့်လင်းလင်းမေးကြမြန်းကြတာလေးတွေလည်း ပြောဆိုရှင်းပြပေးပါတယ်။ တစ်ချို့လည်း မျက်စိရေတိမ်လိုတွေ ဖြစ်ကြတော့ ရိုးရိုးမျက်စင်းခတ်တာ၊ မျက်ရည်ခမ်းတဲ့ မျက်စင်းခတ်တာမတူတာ၊ လိုက်နာရမှာတွေကို သေချာလေးရှင်းပြဖြစ်ပါတယ်။

**■ ဆရာ့အနေနဲ့ကုမ္ပဏီရဲ့ မူလအဓိက တာဝန်တွေအပြင် ဒီလို CSR အစီအစဉ်မှာ တစ်တပ်တစ်အား ပါဝင်ဖြစ်နေတာနဲ့ ပတ်သက်ပြီး ဆရာ့ ခံယူချက်လည်း သိပါရစေ။**

ကျွန်တော်တို့လို ကုမ္ပဏီဝန်ထမ်းဆရာဝန်တွေအနေနဲ့ ဒေသခံလူထုနဲ့ ထိတွေ့ပြီး ဆေးကုသပေးဖို့ အခွင့်အလမ်းနည်းပါတယ်။ ကျွန်တော့်အလုပ်ချိန်ထဲကနေ အခုလို ဒေသခံတွေကို ဆေးကုသပေးနိုင်တာ ကျွန်တော့်အတွက် သီးသန့်ကုသိုလ်တစ်ခုပြုရသလိုပါပဲ။ ကုမ္ပဏီရဲ့ CSR အစီအစဉ်ကနေ ဒီလိုပံ့ပိုးနိုင်အောင် ကမကထပြု စီစဉ်ထားတာမှာ ကျွန်တော်တို့ တတ်သိနားလည်တာလေးနဲ့ ဒေသခံတွေကို အခမဲ့ဆေးကုပေးနိုင်တယ်ဆိုတာ တော်တော်လည်း ဝမ်းသာစရာကောင်းပါတယ်။ ဒေသခံတွေနဲ့ ကျွန်တော်တို့ ကျန်းမာရေးဝန်ထမ်းတွေရော၊ CSR ဝန်ထမ်းတွေပါ တစ်ရင်းတစ်နှီးနဲ့ နေထိုင်လုပ်ကိုင်ပြီး သူတို့ရဲ့ ကျန်းမာရေးကို ကုမ္ပဏီအနေနဲ့ အခမဲ့စောင့်ရှောက်ပေးနေတာကိုလည်း သိကြတာမို့ ဒေသခံတွေရဲ့မေတ္တာလည်း ပြန်ရတယ်လို့ ကျွန်တော်ခံစားရပါတယ်။ ကျွန်တော့် အသက်မွေးဝမ်းကျောင်းအလုပ်ကနေ ကုသိုလ်ပါရနေတဲ့ အလုပ်လို့ခံယူထားတဲ့အတွက် ကျွန်တော်လည်း ကြည်နူးပျော်ရွှင်ရပါတယ်။ ■



# MPRL E&P ၏ ပံ့ပိုးမှုဖြင့် စီးပွားဖြစ် စိုက်ပျိုး အောင်မြင်လျက်ရှိသည့် မန်းဒေသထွက် ခရမ်းချဉ်သီးနှံ



၂၀၂၃ ခုနှစ်စိုက်ပျိုးရာသီသစ်တွင် မန်းရေနံမြေဒေသရှိ ကျေးရွာ (၁၄) ရွာအနက် မန်းကျိုး၊ ချင်တောင်၊ ကျွဲချ၊ မယ်ဘော့ကုန်း၊ လက်ပံတောနှင့်ပေါက်ကုန်းကျေးရွာ (၆) ရွာတို့ရှိ တောင်သူများက ခရမ်းချဉ်သီးနှံကို စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်လာခဲ့သည်။ မန်းရေနံမြေတွင် MPRL E&P (CSR အစီအစဉ်)၏ မျိုးစေ့ဘဏ်မှတဆင့် မျိုးကောင်းမျိုးသန့် မျိုးစေ့များ လွယ်လင့်တကူရရှိမှု၊ မြေငွေ့ထိန်းနည်းပညာဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရန် CSR အစီအစဉ်နှင့်အတူ၊ မင်းဘူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ရေတံခွန်တောင်သူပညာပေးအဖွဲ့ တို့၏ ပူးပေါင်းပါဝင်ပံ့ပိုးမှုများကြောင့် ခရမ်းချဉ်သီးနှံထုတ်လုပ်မှုနှင့် ခရမ်းချဉ် စိုက်ပျိုးဧကများ နှစ်စဉ်တိုးတက်လျက်ရှိသည်။

“ခရမ်းချဉ်ကို လွန်ခဲ့တဲ့ (၃) နှစ်က မန်းရေနံမြေထိစပ်ကျေးရွာတချို့မှာ စဉ်ဆက်မပြတ်စိုက်ပျိုးရေးနည်းလမ်းများနှင့် အလေ့အကျင့်ကောင်းများလို့ခေါ်တဲ့ (Sustainable Agriculture Method and Practice) နဲ့ စိုက်ပျိုးထုတ်လုပ်လာကြပါတယ်။ ကျွန်မတို့ MPRL E&P (CSR အစီအစဉ်) ကနေ အပူချိန်မြင့်မားတဲ့ မန်းရေနံမြေဒေသမှာ ခရမ်းချဉ်ကို စီးပွားဖြစ်ထုတ်လုပ်နိုင်ဖို့ မြေငွေ့ထိန်းစိုက်ပျိုးရေးနည်းပညာသစ်တွေကို အရင်ဆုံးမျှဝေခဲ့ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာန (မင်းဘူး) နဲ့ ရေတံခွန်တောင်သူပညာပေးအဖွဲ့ (ပွင့်ဖြူမြို့နယ်) တို့နဲ့လည်းပူးပေါင်းပြီး စိုက်ပျိုးတောင်သူတွေအနေနဲ့ လိုအပ်မယ့် စိုက်ပျိုးနည်းပညာအပြင်၊ သဘာဝအပင်ရွက်ဖြန်းအားဆေး၊ သဘာဝမြေဩဇာနဲ့ သဘာဝပိုးသတ်ဆေးထုတ်လုပ်တဲ့ သင်တန်းတွေကိုလည်း ပံ့ပိုးပေးခဲ့ပါတယ်။ တောင်သူတွေအနေနဲ့ ခရမ်းချဉ်သီးနှံက ရေတိုစိုက်ပျိုးနိုင်ပြီး သီးနှံပေါ်ချိန်လည်းတိုတောင်းတဲ့အတွက် အမြတ်အစွန်းမြန်မြန်ရရှိစေတဲ့ သီးနှံတစ်မျိုးဖြစ်လာတော့ တစ်နှစ်ထက်တစ်နှစ်ပိုပြီး စိုက်ပျိုးလာကြပါတယ်” ဟု မန်းရေနံမြေတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် CSR လုပ်ငန်းဆိုင်ရာညှိနှိုင်းရေးမှူး ဒေါ်လွဲလွဲခိုင်က ဆိုသည်။



ယခုနှစ်စိုက်ပျိုးရာသီသစ်တွင် မန်းရေနံမြေရှိ မန်းကျိုးကျေးရွာနေ စိုက်ပျိုးတောင်သူ (၃၁) ဦး၊ ချင်တောင်ကျေးရွာနေ စိုက်ပျိုးတောင်သူ (၅) ဦး၊ ကျွဲချကျေးရွာနေ စိုက်ပျိုးတောင်သူ (၂) ဦး၊ မယ်ဘော့ကုန်းကျေးရွာနေ စိုက်ပျိုးတောင်သူ (၇) ဦး၊ လက်ပံတောကျေးရွာနေ စိုက်ပျိုးတောင်သူ (၃) ဦးနှင့် ပေါက်ကုန်းကျေးရွာနေ တောင်သူ (၁) ဦး စုစုပေါင်း ခရမ်းချဉ်စိုက်ပျိုးတောင်သူ (၄၉) ဦးက ခရမ်းချဉ် (၁၂. ၉) ဧကကို စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။

ကျွဲချကျေးရွာနေ စိုက်ပျိုးတောင်သူ ဒေါ်စန်းရီက “ကျွန်မတို့က ခရမ်းချဉ်ကို မိဘလက်ထက်ကတည်းက မိရိုးဖလာစိုက်ခဲ့ပါတယ်။ ဒါပေမယ့် အရင်ကဆိုရင် ရေတင်ရေချလုပ်ရတာတွေမှာ သီးနှံထိခိုက်မှုတွေရှိတော့ စီးပွားဖြစ်လောက်အောင်မရခဲ့ဘူး။ အခုဆို ၂၀၂၁ ခုနှစ်ကတည်းက ကျွန်မက MPRL E&P ရဲ့ မျိုးစေ့ဘဏ်အစီအစဉ်ကနေ မျိုးစေ့ရတယ်။ ပလတ်စတစ်အုပ်ပြီး တိုင်ထောင်စိုက်ပျိုးစနစ်တွေရလာတော့ သီးနှံအလေအလွင့်နည်းသွားပြီး စိုက်ပျိုးစရိတ်လည်းသက်သာလာတယ်။ ကျွန်မတို့အနေနဲ့ ပိုးကျချိန် ပိုးဆေး၊ မှိုကျချိန် မှိုဆေးလေးလိုက်ရုံပဲ ရှိတော့တယ်” ဟု ခရမ်းချဉ်ကို စိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်ဖြစ်ခဲ့ပုံကို ရှင်းပြသည်။



ခရမ်းချဉ်သီးနှံသည် စတင်စိုက်ပျိုးထုတ်လုပ်ပြီး အပင်သက်တမ်းနှစ်လမှ နှစ်လခွဲအတွင်း အသီးစတင် သီးနိုင်ပြီး စိုက်ပျိုးတောင်သူ၏ စိုက်ခင်းထိန်းသိမ်းမှု၊ ရေတင်ရေချသည့် စနစ်များအပေါ်တွင် အခြေခံ၍ အပင်သက်တမ်းအတို၊ အရှည်ကွာဟတတ်ကြောင်း ၎င်းကဆိုသည်။

“ပြီးခဲ့တဲ့ နှစ်ကဆို ဝါဆိုလလောက်ကစပြီး စိုက်ခဲ့တဲ့ ကျွန်မအခင်းက ဘေးကင်ရေတ်ခင်းအတွက် ရေတင်ရေချတွေလည်း အမြဲမပြတ်ခဲ့တော့ တန်ခူးလလောက်အထိကို သီးနှံစားခဲ့ရတယ်။ အရင်နှစ်တွေက အမြတ်အစွန်းလည်းရသင့်သလောက်ရခဲ့တော့ ဒီနှစ်ကို ခရမ်းချဉ်ထပ်စိုက်ဖြစ်ပါတယ်။ အခု သီးနှံအခြေအနေလည်းကောင်းတော့ အမြတ်အစွန်းလည်းရလိမ့်မယ်လို့ မှန်းထားပါတယ်။ အခုဆိုရင် သီးနှံခူးဆွတ်ကာလ နှစ်လအတွင်း ပိဿာ (၆၀၀) လောက်ရနှင့်နေပြီ။ ဒေသတွင်းမှာပဲ ရောင်းကုန်နေတာမို့ မြင့်ကုမ္ပဏီ (Myint & Associates Co., Ltd.) ကိုလည်း စိုက်ပျိုးရေးတာဝန်ခံ ဦးဝင်းကို ကနေတဆင့် ပိဿာချိန် နှစ်ဆယ်၊ အစိတ်လောက်ကို လေးငါးရှစ်ခါလောက်သွင်းပြီး ရောင်းခဲ့ပြီးပါပြီ” ဟု သီးနှံခူးဆွတ်ရောင်းချရမှုအခြေအနေကို ရှင်းပြသည်။

အသက် (၄၅) နှစ်အရွယ် မိသားစုဝင် (၄) ဦးရှိသည့် ဒေါ်စန်းရီသည် မန်းရေနံမြေတွင် လယ် (၅) ဧကနှင့် ကိုင်း (၆) ဧကတွင် ခရမ်းချဉ်၊ ငရုတ်၊ ကုလားပဲနှင့် နေကြာတို့ကို စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ၂၀၂၁ ခုနှစ်တွင် ခရမ်းချဉ်သီးနှံကို မန်းရေနံမြေတွင် စဉ်ဆက်မပြတ်စိုက်ပျိုးရေးနည်းလမ်းများနှင့် အလေ့အကျင့်ကောင်းများဖြင့် စတင်စိုက်ပျိုးထုတ်လုပ်ခဲ့သူဖြစ်သည်။ အမြတ်အစွန်း စတင်ရရှိခဲ့သည့်သီးနှံအဖြစ် ခရမ်းချဉ်သီးနှံကို နှစ်စဉ်ဆက်တိုက်စိုက်ပျိုးခဲ့ပြီး ယခုနှစ် စိုက်ပျိုးရာသီတွင် ခရမ်းချဉ်သီးနှံအတွက် စုစုပေါင်း (၀.၂၅) ဧက စိုက်ပျိုးခဲ့သည်။ ခူးဆွတ်ရရှိခဲ့သည့်သီးနှံများအနက် အချို့ကို မန်းရေနံမြေဒေသတွင်း ဈေးကွက်နှင့် အချို့ကုမ္ပဏီများသို့လည်း ပြန်လည်ရောင်းချလျက်ရှိသည်။





“အောက်တိုဘာလလောက်က ခရမ်းချဉ်စခူးခူးချင်း တစ်ပိဿာကို ၁,၆၀၀/ ဈေးလောက်ရခဲ့တယ်။ ဒီဘက် နိုဝင်ဘာလထဲမှာတော့ တစ်ပိဿာ ၁,၈၀၀/ ဝန်းကျင်လောက် ရနေပါတယ်။ ကျွဲချမှာ မျိုးစေ့ဘဏ်ကနေတဆင့် မျိုးစေ့ယူစိုက်တဲ့ ခရမ်းချဉ်တောင်သူနှစ်ဦးရှိပြီး ကျွန်မတို့ စိုက်ပျိုးတဲ့ပုံကိုကြည့်ပြီး လိုက်စိုက်ကြတဲ့ သုံးလေးဦးလည်း ရွာထဲမှာရှိပါတယ်။ ဒါကြောင့် နောင်နှစ်တွေမှာ မျိုးစေ့ဘဏ်ကနေ မျိုးစေ့တွေကို စိုက်ပျိုးတောင်သူဦးရေ ပိုပြီးတိုးပေးစေချင်ပါတယ်” ဟု ဒေါ်စန်းရီက မျိုးစေ့ဘဏ် အစီအစဉ်အနေဖြင့် မျိုးစေ့ပိုမိုတိုးတက်ပံ့ပိုးနိုင်ရန် အဆိုပြုသည်။

ခရမ်းချဉ်သီးနှံစိုက်ပျိုးထုတ်လုပ်မှုများနှင့် စပ်လျဉ်း၍ MPRL E&P ၏ ရေနံမြေစိုက်ပျိုးရေးတာဝန်ခံ ဦးဝင်းကိုက “ခရမ်းချဉ်သီးနှံက မန်းရေနံမြေမှာ ဒီနှစ်ဆိုရင် စိုက်ပျိုးဧကစုစုပေါင်း (၁၂.၉) ဧကလောက် ရှိပါတယ်။ အရင်နှစ်ကထက် (၅) ဧကလောက် တိုးတက်စိုက်ပျိုးလာကြတာပါ။ ဒီနှစ်သီးနှံတွေက ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလလောက်ကတည်းက စတင်ခူးဆွတ်လို့ရနေတော့ လက်ရှိ နိုဝင်ဘာလ (၂၀) ရက်နေ့အထိဆိုရင် ပိဿာချိန် (၁၄,၃၆၀) လောက် ကျွန်တော်တို့ တောင်သူတွေ ခူးဆွတ်ရောင်းချနိုင်ခဲ့ပါပြီ” ဟု ဆိုသည်။



သို့ဖြစ်၍ မန်းရေနံမြေဒေသခံတောင်သူများအနေဖြင့် MPRL E&P (CSR အစီအစဉ်) ဖြင့်ပံ့ပိုးလျက်ရှိသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် မိရိုးဖလာစိုက်ပျိုးနည်းများကို အဆင့်မြှင့်တင်ခြင်း၊ နည်းပညာသစ်များဖြစ်သည့် စဉ်ဆက်မပြတ်စိုက်ပျိုးရေးနည်းလမ်းများနှင့် အလေ့အကျင့်ကောင်းများကို အသုံးပြုစိုက်ပျိုးထုတ်လုပ်ခြင်း၊ ဒေသတွင်းရှိ စိုက်ပျိုးရေးဆိုင်ရာ ပံ့ပိုးမှုအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်းနှင့် မျိုးစေ့ဘဏ်စနစ်တည်ထောင်၍ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းတို့ဖြင့် ခရမ်းချဉ်သီးနှံကို တိုးတက်ထုတ်လုပ်လျက်ရှိကြောင်း တင်ပြအပ်ပါသည်။ ■



## ကထိန်လျာသင်္ကန်းဆပ်ကပ်နိုင်ရန် MPRL E&P (CSR အစီအစဉ်) ဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများသို့ အလှူငွေများ ပေးအပ်လှူဒါန်း

မြန်မာ့ရိုးရာပွဲတော်လတစ်လဖြစ်သည့် တန်ဆောင်မုန်းလအတွင်း နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပပြုလုပ်နိုင်ရန် MPRL E&P (CSR အစီအစဉ်) ဖြင့် ကျပ် ၁,၀၀၀,၀၀၀/ (ကျပ်တစ်ဆယ်သိန်း) ကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသို့ လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့သည်။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ (၅၄) ကြိမ်မြောက်မြောက် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၂၅) ရက်နေ့တွင် မင်းဘူးမြို့ရှိ အောင်သုခဘုန်းတော်ကြီးကျောင်းတွင် ကျင်းပပြုလုပ်ခဲ့သည်။ ထို့အပြင် MPRL E&P (CSR အစီအစဉ်) ဖြင့် မင်းဘူးခရိုင်၊ ခရိုင်/မြို့နယ်ဆိုင်ရာ ဌာနဆိုင်ရာများ၏ ဆဋ္ဌမအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်အတွက် စုစုပေါင်းကျပ် ၁၈၀,၀၀၀/ (ကျပ်တစ်သိန်းရှစ်သောင်း) ပံ့ပိုးလှူဒါန်းခဲ့သည်။ ■

# MPRL E&P ၏ သုံးလတစ်ကြိမ်စာစောင်များ၊ မန်းရေနံမြေဆိုင်ရာ အစီရင်ခံစာများဖြင့် ပြန်ကြားဆက်သွယ်လျက်ရှိ

MPRL E&P ကုမ္ပဏီအနေဖြင့် မန်းရေနံမြေတွင် အကောင်အထည်ဖော်လျက်ရှိသည့် သတ်မှတ်ဘဏ္ဍာရေးနှစ်နှင့် သုံးလပတ် ကာလအလိုက် လုပ်ငန်းဆောင်ရွက်ချက်များ သီးသန့်စုစည်းဖော်ပြထားသည့် "တို့မန်းမြေ" သတင်းလွှာ၊ အမှတ် (၁၁) ကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ထုတ်ဝေခဲ့သည်။ တို့မန်းမြေ သတင်းလွှာ အမှတ် (၁၁) တွင် ၂၀၁၂ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့သည့် MPRL E&P ၏ မန်းရေနံမြေဆိုင်ရာ လူမှုတာဝန်သိလုပ်ငန်းများကဏ္ဍ ဆယ်နှစ်တာခရီးအောင်မြင်မှုအတွက် ကျေးဇူးတင်လွှာနှင့် ဆယ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် "A Decade of Action: CSR Then and Now" အစီရင်ခံစာထုတ်ဝေမှုတို့ကို ဖော်ပြထားသည်။ ထို့အပြင် တို့မန်းမြေသတင်းစာတွင် ကျေးရွာအခြေခံအဆောက်အဦဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးဆိုင်ရာ စိုက်ပျိုးရေးလုပ်ငန်းများ၊ ပညာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုနှင့် စွမ်းရည်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်၊ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်၊ ဒေသခံများ ဦးဆောင်သည့် စွန့်ပစ်အမှိုက်စီမံခန့်ခွဲရေးလုပ်ငန်းများနှင့် ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းအစီအစဉ်များလည်း ဖော်ပြပါရှိသည်။



Insight! သတင်းလွှာ အမှတ် (၃၇) ထုတ်ဝေဖြန့်ချိခြင်း



တို့မန်းမြေ သတင်းလွှာ အမှတ် (၁၁) ထုတ်ဝေဖြန့်ချိခြင်း

ထိုအပြင် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလအတွင်း အင်္ဂလိပ်ဘာသာဖြင့်ရေးသားတင်ဆက်သည့် Insight! သတင်းလွှာ အမှတ်စဉ် (၃၇) ကို ထုတ်ဝေခဲ့သည်။ သတင်းလွှာတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ အောက်တိုဘာလနှင့် နိုဝင်ဘာလတို့အတွင်း MPRL E&P ကုမ္ပဏီများ အုပ်စုတွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုဆိုင်ရာ နည်းပညာဆောင်ပါးများ၊ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့် သတင်းဆောင်းပါးများ၊ လူမှုတာဝန်သိလုပ်ငန်းဆောင်ရွက်ချက်များ၊ ရွက်လှေအားကစားဆိုင်ရာ သတင်းဓာတ်ပုံများ၊ အခြားစိတ်ဝင်စားဖွယ် သတင်းဆောင်းပါး၊ အင်တာဗျူးနှင့် သတင်းဓာတ်ပုံများ ဖော်ပြပါရှိသည်။

MPRL E&P ၏ မန်းရေနံမြေတွင်ဆောင်ရွက်လျက်ရှိသည့် CSR လုပ်ငန်းများနှင့် စပ်လျဉ်း၍ လစဉ်၊ သုံးလတစ်ကြိမ်၊ ခြောက်လတစ်ချိန်နှင့် နှစ်ပတ်လည်အစီရင်ခံစာများဖြင့် သက်ဆိုင်ရာလုပ်ငန်း ဆက်စပ်လုပ်ကိုင်သူများထံသို့ ပေးပို့အစီရင်ခံလျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ တတိယသုံးလပတ်အတွင်း CSR လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာ အစီရင်ခံစာကို ထုတ်ဝေခဲ့ပြီး မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာလုပ်ငန်းဆက်စပ်လုပ်ကိုင်သူများထံ ပေးပို့ခဲ့သည်။ ထို့အပြင် မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ရေးသားဖော်ပြထားသည့် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဆိုင်ရာ ဒုတိယသုံးလပတ်အစီရင်ခံစာကို MPRL E&P ၏ ဝက်ဘ်ဆိုဒ်စာမျက်နှာ https://mprlexp.com/ တွင် အခြားထုတ်ဝေပြီး သတင်းလွှာများနှင့်အတူ တင်ပြအစီရင်ခံခဲ့ပြီးဖြစ်သည်။ ■





ထုတ်ဝေပြီး စာစောင်များနှင့် အစီရင်ခံစာများကို သက်ဆိုင်ရာ လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများထံ ဖြန့်ချီခြင်း

## မန်းရေနံမြေမှ ကျောင်းသားကျောင်းသူများအတွက် MPRL E&P ဝန်ထမ်းများ၏ နှစ်သစ်လက်ဆောင်

MPRL E&P သည် လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများကို အလေးထားထိတွေ့ဆက်ဆံလျက်ရှိပြီး ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများကိုလည်း လုပ်ငန်းဆက်စပ်လုပ်ကိုင်သူအနေဖြင့် ရှုမြင်ကာ ဝန်ထမ်းများအတွက် ပျော်ရွှင်ဖွယ်လုပ်ငန်းခွင်တစ်ခုဖြစ်စေရန် ပံ့ပိုးဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်များတွင် ဝန်ထမ်းများအချင်းချင်း ရင်းနှီးချစ်ခင်မှု ပိုမိုတိုးတက်ရရှိစေမည့် လှုပ်ရှားမှုများကိုပြုလုပ်ခဲ့ပြီး အမှုဆောင်စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ဝင်များကပါ ပူးပေါင်းပါဝင်ခဲ့သည်။

အလားတူ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလအတွင်း ဝန်ထမ်းများအချင်းချင်း တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးမှု၊ စာနာနားလည်မှုများ တိုးတက်ဖြစ်ထွန်းစေရန်ရည်ရွယ်၍ "Bear with Me" "ကိုယ့်ကိုနားလည် သည်းခံကွယ်" အမည်ဖြင့် ဝက်ဝံရုပ်ကလေးများ လဲလှယ်သည့် အစီအစဉ်တစ်ခုကို ပြုလုပ်ခဲ့သည်။ အစီအစဉ်တွင် ဝန်ထမ်းတစ်ဦးချင်းစီမှ ယူဆောင်လာသည့် ဝက်ဝံရုပ်နှင့် မိမိကိုယ်မိမိ ပြန်လည်သုံးသပ်ထားသည့် ရင်တွင်းစကားပါဝင်သည့် ဝက်ဝံရုပ်လေးများကို ကျပန်းရွေးချယ်လဲလှယ်ခဲ့ကြပြီး ဝန်ထမ်းအချို့မှ ၎င်းတို့ရရှိသည့် ဝက်ဝံရုပ် (၉၈) ရုပ်ကို မန်းရေနံမြေရှိ သူငယ်တန်းနှင့် ပထမတန်း ကျောင်းသားကျောင်းသူများအတွက် နှစ်သစ်လက်ဆောင်အဖြစ် ပေးပို့လှူဒါန်းခဲ့သည်။ ■







ကျောဖုံးမှ အဆက် ➤

ကူညီဖြေရှင်းပေးဖို့ ကျေးရွာလူထုက တောင်းဆိုလာလို့ "ကမ္ဘာ့သန့်ရှင်းရေးနေ့"မှာ ကုမ္ပဏီနဲ့ ဒေသခံလူထု ပူးပေါင်းပြီး အမှိုက်ပြဿနာကို ဖြေရှင်းခဲ့တာဖြစ်ပါတယ်" ဟု ဒေါ်လွဲ့လွဲ့ခိုင်က ပြောသည်။

ကမ္ဘာ့သန့်ရှင်းရေးနေ့သည် စက်တင်ဘာလ၏ တတိယ မြောက်စနေနေ့တွင် ကျရောက်သည်ဖြစ်ရာ မန်းရေနံမြေဒေသ သန့်ရှင်းသာယာလှပရေးအတွက် MPRL E&P ၏ CSR အစီအစဉ်သည် အဆိုပါနေ့တွင် ဒေသသန့်ရှင်းရေးလှုပ်ရှားမှုများကို ပိုမိုအလေးထားဆောင်ရွက်ခဲ့ပြီး ဒေသခံလူထုကလည်း တက်ကြွစွာပူးပေါင်းဆောင်ရွက်ခဲ့သည်။

"ကမ္ဘာ့သန့်ရှင်းရေးနေ့ အထိမ်းအမှတ်အနေနဲ့ ပြုလုပ်တဲ့ စွန့်ပစ်အမှိုက်သန့်ရှင်းရေး လှုပ်ရှားမှုမှာ CSR ကွင်းဆင်းဝန်ထမ်းတွေ၊ ကျေးရွာအုပ်ချုပ်ရေးမှူးတွေ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်တွေ၊ ဒေသခံစေတနာ့ဝန်ထမ်းတွေအပါအဝင် ဒေသခံ (၅၀) ဦး ခန့် ပူးပေါင်းပါဝင်ခဲ့ပါတယ်။ ဒီပူးပေါင်းဆောင်ရွက်မှုကတစ်ဆင့် ကြာကန်၊ ပေါက်ကုန်းနဲ့ အောက်ကျောင်းကျေးရွာအပြင်ဖက်မှာရှိတဲ့ အမှိုက်ပုံတွေကနေ အမှိုက်မက်ထရစ်တန် (၄၈) တန်ကို ဖယ်ရှားရှင်းလင်းနိုင်ခဲ့ပါတယ်။ အနှစ်နှစ်အလလက စုပုံနေတဲ့ အမှိုက်တွေကို ကော်ထုတ်ဖို့ မြေတူးစက်၊ မြေကော်စက်လို အကြီးစားစက်ယန္တရားကားကြီးတွေကို အသုံးပြုခဲ့ပြီး ရလာတဲ့ အမှိုက်တွေကို ထရပ်ကားအကြီးနဲ့ မင်းဘူးစည်ပင်အမှိုက်ကန်ကို သယ်ပို့ခဲ့ပါတယ်။ အမှိုက်ပမာဏက အပေါ်ယံထက် မထင်မှတ်ထားလောက် ပိုများခဲ့တာမို့ မနက်ကနေ ညနေအထိ ရှင်းခဲ့ရတယ်။ အမှိုက်ပုံတွေကို ရှင်းပြီးတဲ့နောက်တော့ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုတွေ ထပ်ပြီးမလုပ်ဖြစ်အောင် အမှိုက်မပစ်ဖို့တိုက်တွန်းတဲ့ ဆိုင်းဘုတ်တွေကို CSR အစီအစဉ်ကပဲ ဆက်လက်ပံ့ပိုးပြီး ထောင်ပေးခဲ့ပါတယ်။ အမှိုက်ပစ်ရင် အရေးယူမယ်ဆိုတာထက် မိမိရပ်ရွာသန့်ရှင်းသာယာလှပဖို့ စည်းကမ်းမဲ့အမှိုက်မပစ်ဖို့ ဆိုပြီးပဲ လူထုရဲ့စိတ်ဓာတ်ကိုမြှင့်တင်ပြီး စည်းရုံးတဲ့နည်းနဲ့ ရပ်ရွာသန့်ရှင်းလှပရေးကို လုပ်ခဲ့ပါတယ်" ဟု ဦးဝင်းကိုက ပြောသည်။

ကြာကန်ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအဖွဲ့ဝင် ဦးတင်စိုးကလည်း "MPRL E&P ရဲ့ CSR အစီအစဉ်ဟာ ကျွန်တော်တို့ဒေသမှာ အမှိုက်သိမ်းစနစ် ကောင်းကောင်း



အခန်းကဏ္ဍက ပါဝင်ခဲ့ပါတယ်။ ကျွန်တော်တို့ရွာဟာ CSR ကစီစဉ်ပေးတဲ့ အမှိုက်သိမ်းဝန်ဆောင်မှုစနစ်မှာ ပြန်လည်ပါဝင်ဖြစ်တာ လပိုင်းပဲရှိပါသေးတယ်။ လက်ရှိမှာ ကျေးရွာအတွင်း အမှိုက်သိမ်းဝန်ဆောင်ခအတွက် ပေးချေမှုကို ကျေးရွာရန်ပုံငွေနဲ့ လည်ပတ်နေတာဖြစ်လို့ ရွာထဲမှာ အမှိုက်မရှိတော့ပေမယ့် ရွာအပြင်မှာရှိနေတဲ့ အမှိုက်ပုံကြောင့် အမှိုက်ပြဿနာ မပြေလည်သေးမှန်းသိပါတယ်။ ဒါကြောင့် အမြဲကူညီပေးနေတဲ့အတိုင်း CSR အစီအစဉ်အနေနဲ့ ဆက်လက်ကူညီဖြေရှင်းပေးဖို့ ကျွန်တော်တို့က တောင်းဆိုခဲ့တာဖြစ်ပါတယ်။ အမှိုက်ပုံရှင်းလင်းရေးလုပ်တော့လည်း CSR အဖွဲ့က ဦးစီးဆောင်ရွက်ပေးပြီး ကျွန်တော်တို့ ဒေသခံတွေက ပူးပေါင်းကူညီခဲ့ပါတယ်။ ဒီလိုပူးပေါင်းဆောင်ရွက်မှုကြောင့် ကျေးရွာအတွင်းကော ကျေးရွာအပြင်ဖက်မှာပါ အမှိုက်ပြဿနာနည်းသွားပြီး သန့်ရှင်းလာတာမြင်ရလို့ ကျေနပ်ပီတိဖြစ်ရပါတယ်" ဟု ပြောကြားခဲ့သည်။

အောက်ကျောင်းကျေးရွာမှ စေတနာ့ဝန်ထမ်း ဒေါ်မြင့်မြင့်ခိုင်ကလည်း "ကျွန်မတို့ရွာအနောက်ဖက်မှာရှိတဲ့ အမှိုက်ပုံက အပေါ်ယံကြည့်ရင် အမှိုက်နည်းနည်းပဲရှိတယ်လို့ ထင်ရပေမယ့် အမှိုက်ပုံသက်တမ်းက ကြာနေပြီဆိုတော့ တကယ်ရှင်းတဲ့အခါ အမှိုက်တွေ အများကြီးထွက်လာခဲ့တယ်။ မြေ



ကော်တဲ့ကားကြီးနဲ့ အမှိုက်တွေကို ကော်ထုတ်ပြီးရှင်းခဲ့တာ အမှိုက်ကား (၆) စီးစာလောက်ရခဲ့ပေမယ့် အမှိုက်ထုက လုံးဝမကုန်နိုင်သေးပါဘူး။ ဒါကြောင့် ရှင်းနိုင်သမျှ အမှိုက်တွေကိုရှင်းထုတ်ပြီး မြေပြင်ကိုညီအောင်ညှိလို့ အမှိုက်ပုံမဖြစ်အောင်ပဲ လုပ်ထားခဲ့ပါတယ်။ ကျန်တဲ့ ပလတ်စတစ်အမှိုက်တွေကိုတော့ ကျွန်မတို့ ရွာခံတွေနဲ့ Trash Hero Minbu အဖွဲ့ ကပဲ ပုံမှန်ရှင်းလင်းသွားဖို့ စီစဉ်ထားပါတယ်။ ကျွန်မတို့ ရွာမှာလည်း အမှိုက်မပစ်ရ ဆိုင်းဘုတ်တွေကို အချက်အချာကျတဲ့နေရာတွေနဲ့ လူတွေအမှိုက်ပစ်နိုင်ချေရှိတဲ့နေရာတွေမှာ CSR အစီအစဉ်က စိုက်ထူပေးထားပါတယ်။ CSR ရဲ့ပံ့ပိုးမှု၊ ကျွန်မတို့ဒေသခံတွေရဲ့ ပူးပေါင်းပါဝင်မှုကြောင့် ကျွန်မတို့ဒေသမှာ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုနဲ့ အမှိုက်ပြဿနာ သိသိသာသာ လျော့လာတာကို မြင်တွေ့ရပါတယ်။ ကျွန်မတို့ဒေသသန့်ရှင်းသာယာလှပရေးအတွက် စနစ်တကျဆောင်ရွက်နေတဲ့ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုအစီအစဉ်မှာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မန်းရေနံမြေဒေသသန့်ရှင်းသာယာလှပဖို့ကို ငွေအင်အားကော၊ လူအင်အားပါ စိုက်ထုတ်ကူညီတဲ့ MPRL E&P ကုမ္ပဏီကိုလည်း ကျွန်မတို့ဒေသခံတွေကိုယ်စား ကျေးဇူးအထူးတင်ရှိပါတယ်" ဟု ပြောကြားခဲ့သည်။

ကမ္ဘာ့သန့်ရှင်းရေးနေ့တွင် ကြာကန်၊ အောက်ကျောင်းနှင့် ပေါက်ကုန်းကျေးရွာများရှိ အမှိုက်ပုံများကို ရှင်းလင်းခဲ့သည်သာမက မန်းရေနံမြေထိစပ်ကျေးရွာများ၌လည်း လူကြီး၊ ကလေး အရွယ်စုံပါဝင်သော ဒေသခံ (၃၄၅) ဦး ပါဝင်ခဲ့သည့် Trash Hero Minbu အမှိုက်ကောက်လှုပ်ရှားမှုများကိုလည်း မန်းရေနံမြေဒေသ၌ CSR အစီအစဉ်၏ ပံ့ပိုးမှု၊ ဒေသခံ လူထုပူးပေါင်းပါဝင်မှုဖြင့် ကျင်းပပြုလုပ်ခဲ့ရာ အမှိုက်ကီလိုပေါင်း (၃၃၀) ကီလိုကို ရှင်းလင်းသိမ်းဆည်းနိုင်ခဲ့သည်။

MPRL E&P ၏ CSR အစီအစဉ်သည် မန်းရေနံမြေတွင် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုအစီအစဉ်ကို ကုမ္ပဏီ၏ လူမှုတာဝန်သိလုပ်ငန်းဆောင်ရွက်ချက်တစ်ခုအဖြစ် စတင်လုပ်ဆောင်ခဲ့ပြီး ရေရှည်တည်တံ့သော အစီအစဉ်တစ်ရပ်ဖြစ်စေရန် ဒေသခံများ၏ ပူးပေါင်းပါဝင်မှုကို အစဉ်အားပေး၍ ဒေသခံများကိုယ်တိုင်ဦးစီးဆောင်ရွက်သော စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုအစီအစဉ်ဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါသည်။ ■








# မန်းရေနံမြေ၏ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုအစီအစဉ်နှင့် ၂၀၂၃ ခုနှစ် ကမ္ဘာ့သန့်ရှင်းရေးနေ့ အထိမ်းအမှတ် စုပေါင်းအမှိုက်ကောက်လှုပ်ရှားမှု

ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံတို့ရှိ မြို့ပြနှင့် ကျေးလက်ဒေသနှစ်ခုစလုံးတွင် စွန့်ပစ်အမှိုက်ကိစ္စရပ်သည် သိသာထင်ရှားသည့် ဖြေရှင်းရန်လိုအပ်သော စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ အများပြည်သူအတွက် အဆင်ပြေချောမွေ့စွာဖြင့် စည်းစနစ်တကျ အမှိုက်စွန့်ပစ်နိုင်မည့်နည်းလမ်းများမရှိလျှင် စည်းကမ်းမဲ့အမှိုက်ပစ်ခြင်း၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းခြင်း၊ ပတ်ဝန်းကျင်အလှအပထိခိုက်ခြင်း၊ လူမှုပတ်ဝန်းကျင်၌ အငြင်းပွားမှုများ၊ ကျန်းမာရေးဆိုင်ရာပြဿနာများ၊ မီးဘေးဆိုင်ရာပြဿနာများစသည့် ပြဿနာအများအပြား ဖြစ်ပေါ်နိုင်သည်မှာ အမှန်ပင်ဖြစ်သည်။

မန်းရေနံမြေနှင့် ထိစပ်လျက်ရှိသော ကျေးရွာ (၁၄) ရွာအနက် မြို့နယ်စည်ပင်သာယာနယ်နိမိတ်ပြင်ပရှိ (၁၃) ရွာတွင် အမှိုက်သိမ်းစနစ် မရှိသောကြောင့် စည်းစနစ်တကျ အမှိုက်စွန့်ပစ်နိုင်မည့်နည်းလမ်းများနှင့် ဝေးကွာ၍ စွန့်ပစ်အမှိုက်ဆိုင်ရာပြဿနာများကို မကြာခဏ ရင်ဆိုင်ရသည်ဟု ဒေသခံများနှင့်တွေ့ဆုံမေးမြန်းမှု အချက်အလက်များအရ သိရှိရသည်။

အေးမြကျေးရွာသူ ဒေါ်လဲ့လဲ့ခိုင်က "ကျွန်မတို့ဒေသက ပူပြင်းခြောက်သွေ့တဲ့ ဒေသဖြစ်ပြီး ရေနံမြေလည်းဖြစ်တဲ့အတွက် မီးဘေးအန္တရာယ်ကို အလွယ်တကူဖြစ်စေနိုင်တဲ့ အမှိုက်ပြဿနာကို ဒေသခံတွေအားလုံး အမြဲစိုးရိမ်ပူပန်ကြပါတယ်။ နွေရာသီဆို ကျွန်မတို့ကျေးရွာတောင်ပိုင်း အမှိုက်ပုံကနေ မကြာခဏ မီးထလောင်တတ်တာမို့ အားလုံးသတိဝီရိယနဲ့ နေခဲ့ရတယ်။ မန်းကျိုးကျေးရွာလည်း ထိုနည်းလည်းကောင်းပါပဲ" ဟု ဆိုသည်။

မန်းကျိုးကျေးရွာသား ဦးဝင်းကိုကလည်း "ကျွန်တော်တို့ဒေသမှာ စည်ပင်အမှိုက်သိမ်းစနစ် မရှိတဲ့အတွက် ကျွန်တော်အပါအဝင် ကျွန်တော်တို့ဒေသခံအများစုက အမှိုက်ကို အဆင်ပြေသလို ပစ်ခဲ့ကြတာပါ။ မန်းကျိုးရွာအပြင်ဘက်ထွက်လိုက်တာနဲ့ မြင်ရတဲ့အမှိုက်ထုက တစ်ပေလောက်ရှိခဲ့ပါတယ်။ ဒါပေမဲ့ လွန်ခဲ့တဲ့ ၅ နှစ်လောက်ကနေစလို့ MPRL E&P ကုမ္ပဏီက ကူညီပံ့ပိုးတဲ့ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုအစီအစဉ်ကြောင့် အခုဆို ကျွန်တော်တို့ဒေသမှာ စည်ပင်နယ်မြေနဲ့ မကွာခြားတဲ့သန့်ရှင်းမှုမျိုးကို ခံစားလာရပါပြီ" ဟု ပြောသည်။

မန်းရေနံမြေ၌ လုပ်ငန်းလည်ပတ်လုပ်ကိုင်လျက်ရှိသော MPRL E&P သည် ကုမ္ပဏီ၏ လူမှုတာဝန်သိလုပ်ငန်းအနေဖြင့်သာမက ဒေသခံများ၌လည်း မိမိတို့ရပ်ရွာ သန့်ရှင်း







သာယာလှပရေးအတွက် တာဝန်ယူ၊ တာဝန်ခံမှု မြင့်မားစေရန်ရည်ရွယ်၍ ဒေသခံများကိုယ်တိုင် ဦးစီးဆောင်ရွက်သော စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု အစီအစဉ်တစ်ရပ်ကို ဒေသခံလူထုနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်။ အဆိုပါ အစီအစဉ်ဖြင့် မန်းရေနံမြေထိစပ်ကျေးရွာများ၌ ကြုံတွေ့နေရသော စွန့်ပစ်အမှိုက်ပြဿနာကို နည်းစနစ်တကျ ဖြေရှင်းလျက်ရှိသည်ဟု ဦးဝင်းကိုက ထပ်လောင်းပြောကြားခဲ့သည်။

MPRL E&P ၏ CSR အစီအစဉ်သည် ၂၀၁၇ ခုနှစ်တွင် Trash Hero Minbu အမှိုက်ကောက်လှုပ်ရှားမှု အစီအစဉ်ကို ဒေသခံလူထုနှင့် စတင်မိတ်ဆက်ခြင်း၊ ၂၀၁၉ ခုနှစ်တွင် သုံးဘီးအမှိုက်သိမ်းယာဉ်တစ်စီးကို ပံ့ပိုးကူညီခြင်းနှင့် ၂၀၂၀ ခုနှစ်မှစ၍ အမှိုက်များ ပိုမိုသိမ်းဆည်းနိုင်မည့် အမှိုက်သိမ်းယာဉ်ကြီးတစ်စီး မောင်းနှင်ပြေးဆွဲနိုင်ရန် ဒေသခံအမှိုက်သိမ်းဝန်ဆောင်မှုပေးသူကို တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီခြင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ယင်းအချက်သည်ပင် မန်းရေနံမြေဒေသ၌ ဖြစ်ပေါ်နေသော စွန့်ပစ်အမှိုက်ပြဿနာကို ဒေသခံလူထုနှင့် ပူးပေါင်းဖြေရှင်းကာ လူမှုတာဝန်သိလုပ်ငန်းဆောင်ရွက်မှုကတိကဝတ်ကို ပြသလျက်ရှိသည်။

မန်းရေနံမြေဒေသ၌ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ MPRL E&P ကုမ္ပဏီနှင့် ဒေသခံလူထုအကြား ပူးပေါင်းဆောင်ရွက်မှုများကို "၂၀၂၃ ခုနှစ်၊ ကမ္ဘာ့သန့်ရှင်းရေးနေ့" (World Cleanup Day) အထိမ်းအမှတ် စုပေါင်းအမှိုက်ရှင်းလင်းရေးအစီအစဉ်တွင် ထင်ရှားစွာတွေ့မြင်နိုင်သည်။

"မန်းရေနံမြေဒေသ ထိစပ်ကျေးရွာတွေမှာ အမှိုက်သိမ်းဝန်ဆောင်မှုစနစ် ပုံမှန်လည်ပတ်နေပြီဖြစ်ပေမဲ့ တချို့ကျေးရွာအပြင်ဖက်တွေမှာ အမှိုက်ပုံတွေ ရှိနေသေးတာမို့ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုတွေ ဆက်ရှိနိုင်တော့ အမှိုက်ပြဿနာလည်း မပြေလည်မှာကို ကျေးရွာတာဝန်ရှိသူတွေက စိုးရိမ်ပူပန်ကြပါတယ်။ ဒါကြောင့် MPRL E&P ကုမ္ပဏီအနေနဲ့ ကြာကန်၊ အောက်ကျောင်းနှင့် ပေါက်ကုန်းကျေးရွာအပြင်ဖက်မှာရှိနေတဲ့ အမှိုက်ပုံတွေကို

စာမျက်နှာ - ၁၉ ➤